# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့။ Monday, 2 February 2026 ၁၂၀၈၁


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏၊ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ရွှေတိဂုံစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ တပို့တွဲလပြည့်နေ့ ဩဝါဒပါတိမောက်အခါတော်နေ့ အခမ်းအနားများ ကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၁

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၇ ခုနှစ် တပို့တွဲလပြည့်နေ့ ဩဝါဒပါတိမောက်အခါတော်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များနှင့် ဂေါပကရုံးဝန်ထမ်းများက ညှော်ခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ထမနဲဆွမ်းတော်ကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြပြီး စိန်ရောင်ခြည်ဘုရားပင့် ဂါထာဖြင့် ဘုရားရှင်ကို ပင့်လျှောက်ခြင်း၊ နတ်ပြဟ္မာများကို ဖိတ်ကြားခြင်း၊ ရွှေတိဂုံဘုရားရှိခိုးဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ မဟာသမယသုတ်ပါဠိတော်ကို စုပေါင်းရွတ်ဖတ်ပူဇော်ခြင်း၊ ဆုတောင်း၊ အမျှဝေ၊ သာဓုခေါ်ဆိုခြင်း၊ နတ်ပြဟ္မာများကို ပြန်လည်ပို့ဆောင်ခြင်းတို့ ဆောင်ရွက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ထမနဲဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။

## ယနေ့ ဖတ်စရာ


ကန့်ဘလူမြို့ရှိ မဟာရွှေစည်ကြီးစေတီတော် (၂၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ — စာမျက်နှာ » ၃

ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်လိုအပ် — ဆောင်းပါး စာမျက်နှာ » ၆

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ(အပိုင်း ၃) တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ — စာမျက်နှာ » ၉

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ — စာမျက်နှာ » ၈

ရွှေပြည်သာမြို့နယ် ကမ်းသာယာလမ်းဆုံအနီး ၆၆ ကေဗွီ လော့ကား - ရွာမ(သံမဏိ) ဓာတ်အားလိုင်း ပြောင်းရွှေ့တည်ဆောက် — စာမျက်နှာ » ၁၃

ကြေးမုံ

# လူမှုစီးပွားဘဝမြင့်မားမြှင့်တင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

မြန်မာနိုင်ငံသည် သဘာဝသယံဇာတအရင်းအမြစ်များ ပေါများကြွယ်ဝစွာ ပိုင်ဆိုင်ထားသည်။ သဘာဝအရင်းအမြစ်များစွာအနက် ရေသယံဇာတ၊ မြေသယံဇာတ စသည့် သယံဇာတများကို ထိရောက်စွာအသုံးချနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်သူများ၏ လူမှုစီးပွားဘဝများကို မြှင့်တင်ဖော်ဆောင်ပေးနိုင်ရေးအတွက် အရေးပါသည့် လျှပ်စစ်စွမ်းအားများ လုံလောက်စွာထုတ်လုပ်ပေးနိုင်ရန် ရေ၊ နေ၊ လေ၊ ဓာတ်ငွေ့ စသည့်သဘာဝအရင်းအမြစ်ကို ရှာဖွေဖော်ထုတ်၍ ထုတ်လုပ်ပေးလျက်ရှိသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်ပေးလျက်ရှိရာတွင် အရင်းအမြစ်များအလိုက် ရေအားလျှပ်စစ်အရင်းအမြစ်တွင် စက်ရုံ ၃၂ ရုံ၊ သဘာဝဓာတ်ငွေ့အရင်းအမြစ်တွင် စက်ရုံ ၂၄ ရုံ၊ ကျောက်မီးသွေးအရင်းအမြစ်တွင် စက်ရုံ နှစ်ရုံ၊ နေရောင်ခြည်သုံးစွမ်းအင်အရင်းအမြစ်တွင် စက်ရုံ ၁၂ ရုံ စုစုပေါင်း လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၇၀ ဖြင့် စက်တပ်ဆင်အင်အား ၆၇၂၅ မဂ္ဂါဝပ်ရှိသည်။ စက်စွမ်းအားပြည့်မောင်းနှင်နိုင်ပါက မဂ္ဂါဝပ် ၄၀၀၀ ခန့် မောင်းနှင်ထုတ်လုပ်ပေးနိုင်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်ဓာတ်အားကို အပြည့်အဝ မထုတ်ပေးနိုင်သဖြင့် နိုင်ငံတစ်ဝန်းလုံးအတိုင်းအတာအားဖြင့် အပြည့်အဝမပေးနိုင်သေးသည်ကို တွေ့ရမည်ဖြစ်သည်။

အမှန်တကယ်တွင် မြန်မာနိုင်ငံက ပိုင်ဆိုင်ပြီးသားဖြစ်သည့် သဘာဝအရင်းအမြစ်အမျိုးမျိုးရှိသည့်အနက် အများဆုံးအသုံးပြုနေသည့် ရေအားအရင်းအမြစ်များကို အပြည့်အဝအသုံးချနိုင်မည်ဆိုပါက တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားဖူလုံပြီး ပြည်သူများ လူမှုစီးပွားဘဝမြင့်မားတိုးတက်လာမည်ဖြစ်သည်။ သို့သော် အကြမ်းဖက်သောင်းကျန်းသူအမျိုးမျိုးတို့က နိုင်ငံအတွင်းရှိ သဘာဝအရင်းအမြစ်များစွာနှင့် တည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများကို ဖျက်ဆီးလျက်ရှိသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏လူမှုစီးပွားဘဝမြင့်မားရေးတွင် နောက်ကျကျန်နေခဲ့သည်။ လျှပ်စစ်စွမ်းအားအခြေခံအဆောက်အအုံများမှာ ရင်းနှီးမြှုပ်နှံမှုနှင့် အချိန်ကာလယူကာ တည်ဆောက်ရသည့်အတွက် အဖျက်အဆီးများကို သတိပြုရမည်ဖြစ်သည်။

အကြမ်းဖက်သောင်းကျန်းသူများ၏ဖျက်ဆီးမှုများနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်နိုင်မှု တဖြည်းဖြည်းလျော့နည်းခဲ့ခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ ကျော်ကို လျော့နည်းထုတ်လုပ်ရသဖြင့် တစ်ရက်လျှင် မဂ္ဂါဝပ် ၃၀၀၀ ခန့်သာ ထုတ်လုပ်နိုင်ခဲ့သည်။ လျော့နည်းထုတ်လုပ်ရသောကြောင့် အချို့နေရာများတွင် အချိန်ပိုင်းအလှည့်ကျစနစ်ဖြင့်သာ ဖြန့်ဖြူးပေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ကြုံတွေ့နေရသောအခက်အခဲများကို ကျော်လွှားနိုင်ရန် ဖြစ်နိုင်ခြေရှိသည့် နည်းလမ်းမျိုးစုံဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဖျက်ဆီးခြင်းခံခဲ့ရသည့်ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို အချိန်နှင့်တစ်ပြေးညီ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အလားတူ သဘာဝဓာတ်ငွေ့ LNG မှ လျှပ်စစ်ဓာတ်အားထုတ်ရေးလုပ်ငန်းသည် ဈေးနှုန်းကြီးမြင့်သော်လည်း လိုအပ်ချက်ပြည့်မီစေရန်နှင့် ကုန်ထုတ်စွမ်းအားတိုးတက်စေရေး ဆောင်ရွက်နေသောစက်မှုဇုန်များ အချိန်ပြည့်လည်ပတ်နိုင်စေရန် ရည်ရွယ်၍ အချိန်တိုအတွင်းရရှိနိုင်မည့် LNG ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မဂ္ဂါဝပ် ၅၀၀ ရှိ ဓာတ်အားပေးစက်ရုံ စီမံကိန်းကို အောင်မြင်စွာတည်ဆောက်နိုင်ခဲ့သဖြင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှစတင်၍ ဓာတ်အားအပြည့်အဝ စတင်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ ယခုအခါ တစ်ရက်လျှင် စုစုပေါင်း မဂ္ဂါဝပ် ၃၄၀၀ အထိ ထုတ်လုပ်ရရှိနေပြီဖြစ်ရာ ဝန်အားမျှဝေ၍ အလှည့်ကျစနစ်ဓာတ်အားပေးခြင်းကိုရပ်ဆိုင်းပြီး တတ်နိုင်သမျှ အချိန်ပြည့်ဓာတ်အားပေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ယနေ့အချိန်အထိ ဓာတ်အား ၇၀ ဒသမ ၄၃ ရာခိုင်နှုန်းရရှိပြီး မီးသုံးစွဲသူ ၆၉ သိန်းခန့်ရှိသည်။ နိုင်ငံတော်အနေဖြင့် အခြေခံကျသောပြည်သူများ သုံးစွဲနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်စရိတ်ထက် နည်းပါးသည့်နှုန်းထားများဖြင့် နှစ်စဉ်စိုက်ထုတ်ကျခံ ဖြန့်ဖြူးပေးနေခြင်းဖြစ်သည်။ နှစ်စဉ်စိုက်ထုတ်သုံးစွဲနေရသော်လည်း စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ဓာတ်အားစဉ်ဆက်မပြတ်ရရှိစေရန် ရည်ရွယ်ချက်ဖြင့် ကုန်ကျစရိတ်မြင့်မားသော LNG စနစ်ကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ဓာတ်အားထုတ်လုပ်မှုစရိတ်မျှတစေရန် စက်မှုနှင့် စီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးနှုန်းထားတစ်ခု ဆောင်ရွက်ရန်ရှိသော်လည်း ပြည်သူလူထုအသုံးပြုသည့်နှုန်းထားများမှာ ယခင်အတိုင်းအပြောင်းအလဲမရှိကြောင်း သိရသည်။

သို့ဖြစ်ရာ ပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းများတွင် မျှတစွာ ဆောင်ရွက်ပေးလျက်ရှိသည့် နိုင်ငံတော်၏စေတနာကို နားလည်သိမြင်ပြီး နိုင်ငံဖွံ့ဖြိုးရေးတွင် အတူပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## ပုသိမ်ကြီးမြို့နယ်၌ မြေယာအသုံးချမှုနှင့်ပတ်သက်၍ အသိပညာပေးအခမ်းအနား ကျင်းပ

ပုသိမ်ကြီး ဖေဖော်ဝါရီ ၁



မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ကြီးမှူး၍ မြို့နယ်အတွင်း မြေယာအသုံးချမှုနှင့်ပတ်သက်၍ အသိပညာပေးအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က ပုသိမ်ကြီးမြို့ မေတ္တာစံအိမ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေက မြေယာအသုံးချမှုနှင့်ပတ်သက်၍ အခြားနည်းအသုံးပြုခြင်းများ မပြုလုပ်ရန် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ အမိန့်ထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့သော်လည်း မြေပြင်တွင်ဝိသမလောဘစီးပွားရေးသမားများ၏ လိမ်ညာရောင်းချမှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ သိလျက်နှင့်ဖြစ်စေ ဝယ်ယူရောင်းချမှုများကြောင့် ကာယကံရှင်များအနေဖြင့် နစ်နာဆုံးရှုံးမှုများ အရေးယူခံရမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေလင်းထွန်းက ၂၀၂၁ ခုနှစ် လယ်ယာမြေဥပဒေအပေါ် လိုက်နာရမည့်စည်းကမ်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဇာနည်ကိုကို (ပြန်/ဆက်)

## ထန်းတပင်မြို့နယ်အတွင်း ကျေးလက်လမ်း၊တံတားလုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ရွှေဝါဝါမြင့်မိုရ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျောက်တိုင်ဆိပ်-တရုတ်စုကျေးရွာချင်းဆက်



ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၉ ရက်တွင် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)၊ မှော်ဘီခရိုင်လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ)နှင့်တာဝန်ရှိသူများက ကျောက်တိုင်ဆိပ်-တရုတ်စုကျေးရွာချင်းဆက်လမ်း အရှည်ပေ ၂၈၅၀၊ အကျယ် ၁၆ ပေ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအား သတ်မှတ်အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားရန်နှင့် သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်သွားကြရန် ကုမ္ပဏီမှတာဝန်ရှိသူများအားရှင်းလင်းမှာကြား ခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

## ၁ - ၂ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ကန့်ဘလူမြို့ရှိ မဟာရွှေစည်ကြီးစေတီတော် (၂၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ရှိ မဟာရွှေစည်ကြီးစေတီတော် (၂၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ကန့်ဘလူမြို့ပေါ်ရှိဘုန်းတော်ကြီးကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော် အပါး ၂၇၀ အား ဆွမ်းဆန်စိမ်းနှင့်ဝတ္ထုငွေများ လောင်းလှူကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကန့်ဘလူခရိုင် စုပေါင်းရုံးရှိ ရွှေဆည်မြိုင်ခန်းမ၌ ကျင်းပသည့် ကန့်ဘလူခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။



တွေ့ဆုံစဉ် ကန့်ဘလူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ကန့်ဘလူခရိုင် အတွင်းရှိ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ နှင့် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးတို့က ကန့်ဘလူခရိုင်အတွင်းရှိမြို့နယ်များ၌ မိမိတို့ တာဝန်ယူဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး သယံဇာတရေးရာဝန်ကြီးနှင့်အတူ ကန့်ဘလူမြို့နှင့် ကျွန်းလှမြို့နယ်တို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များက လူနာများအား ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုပြီး ဆေးကုသမှုခံယူနေကြသူများအတွက် အာဟာရပြည့် စားသောက်ဖွယ်ရာများနှင့် ဆေးရုံဝန်ထမ်းများအတွက် ငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စာအောင်သံဃာတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များအား စူဠဘွဲ့နှင်းသဘင် အခမ်းအနားဖြင့် စာအောင်ဆုနှင့် အောင်လက်မှတ်များ ဆက်ကပ်ပူဇော်

**ဘားအံ ဖေဖော်ဝါရီ ၁**

ကရင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော စူဠဘွဲ့နှင်းသဘင် အခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ အမိတာရာမရဲ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဂုဏာလင်္ကာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊




လူမှုရေး အသင်းအဖွဲ့များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက အမိတာရာမရဲကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဂုဏာလင်္ကာရ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ၊ စာအောင်သံဃာတော်များ၊ စာအောင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား အောင်လက်မှတ်နှင့် စာအောင်ဆု အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့အခမ်းအနားတွင် ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ အောင်မြင်တော်မူခဲ့ကြသည့် ပထမကြီးတန်း ငါးပါး၊ ပထမလတ်တန်း ၃၆ ပါး၊ ပထမငယ်တန်း ၇၂ ပါး၊ အခြေပြုမူလတန်း ၁၇၀ စုစုပေါင်း ၂၈၃ ပါး၊ ၂၀၂၄ ခုနှစ် အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲ အဘိဓမ္မာသုံးဆင့်အောင် ပြည်နယ်အဆင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူ သုံးဦးတို့အား စာအောင်ဆုနှင့် အောင်လက်မှတ်များ ဆက်ကပ်ချီးမြှင့်ပူဇော်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များသည် အမိတာရာမရဲကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အထူးပင့်သံဃာတော်များ၊ စာအောင်သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၌ တပို့တွဲလပြည့်နေ့ ဩဝါဒပါတိမောက်အခါတော်နေ့ အခမ်းအနား ကျင်းပစဉ်။

☆ **ရှေ့ဖုံးမှ**

ထို့နောက် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား စေတီတော်ရိုရောင်တော်ပွင့်တန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ထမနဲဆွမ်းတော်ကြီး လောင်းလှူပွဲကိုကျင်းပရာ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော် ၄၆ ပါးတို့အား ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ထမနဲဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြပြီး ဆရာတော်ဘဒ္ဒန္တနာဂိတထံမှ သီလခံယူဆောက်တည်ကြကာ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသည့်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် လှရတနာဆရာတော်ထံမှ အနုမောဒနာတရား နာယူကာ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့အတူ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ကလည်း တပို့တွဲလပြည့်နေ့ ဩဝါဒပါတိမောက် အခါတော်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ထုံးတမ်းအစဉ်အလာများနှင့်အညီ ဂေါပကအဖွဲ့ရုံး အာရုံခံတန်ဆောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ကိုကိုဇော်-MNA**

# တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် မဟာအောင်မြေကောင်းမှုတော် စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲ ကျင်းပ

**တောင်ငူ ဖေဖော်ဝါရီ ၁**

မန္တလေး မြေငလျင်ကြီးကြောင့် ထိခိုက်ခဲ့သည့် တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် မဟာအောင်မြေ ကောင်းမှုတော်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်နံနက်ပိုင်းက ကောင်းမှုတော်စေတီတော်၌ ကျင်းပသည်။



ဦးစွာ စေတီတော်မြတ်ကြီးတွင် စိန်ဖူးတော်သစ်၊ ငှက်မြတ်နားတော်သစ်၊ ထီးတော်သစ်တင်လှူပူဇော်ခြင်း၊ ငှက်ပျောဖူးမှ ဖောင်းရစ်ထိ ရွှေသင်္ကန်းကပ်လှူခြင်းအတွက် အလှူတော်ငွေကျပ်သိန်းပေါင်း ၆၇၅၀ မတည်လှူဒါန်းပေးခဲ့သော အလှူဒါယကာ CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေး + ဇနီး ဒေါ်ဝတ်ရည်အေးမိသားစုနှင့် ခုနစ်ရက်သားသမီးအလှူရှင်များက သံဃာတော်အရှင်မြတ်များထံမှ ကိုးပါးသီလခံယူဆောက်တည်ပြီး မေတ္တာသုတ် ပရိတ်တရားတော်ကို နာယူကြည်ညိုကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်သည်။ ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်များကို ယူဆောင်၍ စေတီတော်ရင်ပြင်တွင် ပက်ဖျန်းချည်နှောင်ပြီး ဆရာတော်အရှင်မြတ်များထံ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်၊ ရွှေထီးတော်များကို ယာယီစံကျောင်းမှ ပန်းရထားဖြင့် ပင့်ဆောင်မည့် မင်္ဂလာမဏ္ဍပ်သို့ စေတီတော်ကို လက်ယာရစ် တစ်ပတ်ပတ်ပြီး ပင့်ဆောင်သည်။ ထို့နောက် ခုနစ်ရက်သားသမီး အလှူရှင်များက သတ်မှတ်နေရာ အသီးသီးတွင်နေရာယူ၍ ထီးတော်၊ ဘုံအဆင့်များ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ပန်းရထားဖြင့် အစီအစဉ်အတိုင်း တင်လှူပူဇော်ပြီး ဆရာတော်အရှင်မြတ်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းတော်မူခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဂမ်ဘီယာနှင့် မြန်မာတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲသို့ တက်ရောက်တုံ့ပြန်ချေပလျှောက်လဲခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တာဝန်ရှိသူများ၊ ရဟန်းရှင်လူပြည်သူများ၊ အနုပညာရှင်များ၊ ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုပန်းစည်းများပေးအပ်၍ ကြိုဆိုကြစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် တရားမျှတသော အမှန်တရားအတွက် နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ တုံ့ပြန်ချေပလျှောက်လဲခဲ့သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၃၁ ရက်တွင် နယ်သာလန်နိုင်ငံမှ ပြန်လည်ထွက်ခွာလာရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ ရဟန်းရှင်လူပြည်သူများ၊ အနုပညာရှင်များ၊ ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုပန်းစည်းများပေးအပ်၍ ကြိုဆိုထောက်ခံကြောင်း ဗီနိုင်းပိုစတာများ ကိုင်ဆောင်ကာ နိုင်ငံတော်အလံများ ဝှေ့ယမ်းပြီး လှိုက်လှိုက်လှဲလှဲ တစ်ခဲနက် ကြိုဆိုကြသည်။ **(အောက်ပုံ)**

ဦးစွာ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးတို့ ခေါင်းဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝင်းအတွင်း ကျင်းပရာ တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအား အလေးပြုကြပြီး နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ပြောကြားရာ၌ ယခုကြားနာမှုမှာနောက်ဆုံးအဆင့် နှစ်ဖက်စုံညီ လျှောက်လဲကြားနာမှုဖြစ်ပြီး အမှု၏ အရေးအကြီးဆုံး အဆင့်ဖြစ်ပါကြောင်း၊ ထိုအမှု၏ အရေးကြီးပုံကို အားလုံးလည်း သိရှိပြီးဖြစ်ပါကြောင်း၊ တရားရင်ဆိုင်မှုတွင် သရေမရှိ၊ ပူးတွဲချန်ပီယံမရှိဘဲ အနိုင်၊ အရှုံး နှစ်မျိုးသာရှိပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ထိုအမှုတွင် မည်သို့မျှ အရေးနိမ့်၍မဖြစ်သည့်အတွက် မိမိတို့တစ်ဖွဲ့လုံး ကျားကုတ်ကျားခဲ ကြိုးစား၍ ရင်ဆိုင်ထုချေ လျှောက်လဲခဲ့ကြပါကြောင်း၊ မိမိတို့အဖွဲ့ဆိုရာတွင် မြန်မာနိုင်ငံမှ သွားရောက်ရင်ဆိုင်ခဲ့သည့် သက်ဆိုင်ရာဝန်ကြီးဌာန ပေါင်းစုံပါဝင်သည့် လုပ်ငန်းအဖွဲ့နှင့် ဘရပ်ဆဲလ်မြို့ရှိ မြန်မာသံရုံးမှ သံအမတ်ကြီးနှင့်တကွ သံရုံးဝန်ထမ်းများ၊ နိုင်ငံတကာရှေ့နေအဖွဲ့များ အတူတကွပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါကြောင်း၊ အမှုရင်ဆိုင်ခဲ့သည့် ရက်ပေါင်း ၂၀ တွင် အချိန်လု၍ ဆောင်ရွက် ခဲ့ကြရပါကြောင်း၊ မိမိတို့အဖွဲ့သည် နေ့မအား၊ ညမနား ကြိုးပမ်းလုပ်ဆောင်ကြရပါကြောင်း၊ တချို့နေ့ရက်များတွင် ညလုံးပေါက်မနားတမ်း ဆောင်ရွက်ခဲ့ကြရပါကြောင်း။

အမှန်တကယ်တွင် ထိုအမှုမှာ ရက်ပေါင်း၂၀ သာ အပြင်းအထန်လုပ်ခဲ့ရသည်မဟုတ်ဘဲ မိမိတို့လုပ်ငန်းအဖွဲ့သည် အမှုတွင် ခိုင်ခိုင်မာမာ တုံ့ပြန်ချေပနိုင်ရန် ၅ နှစ်ခန့် ကျားကုတ်ကျားခဲကြိုးပမ်းခဲ့ကြရပါကြောင်း၊ အခက်အခဲအမျိုးမျိုး၊ စိန်ခေါ်မှုအမျိုးမျိုးလည်း ကြုံခဲ့ရပါကြောင်း။

ယင်းအနေအထားမှ နောက်ဆုံးကြားနာမှုတွင် မိမိတို့ပင်ပန်းခဲ့ရကျိုးနပ်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဥပဒေပိုင်းဆိုင်ရာတွင်သာမက အချက်အလက်ပိုင်းဆိုင်ရာမှာပါ ပြည့်ပြည့်စုံစုံ ခိုင်ခိုင်လုံလုံနှင့် အချိန်မီပြုစုတင်ပြလျှောက်လဲနိုင်ခဲ့ပါကြောင်း။

ပထမဆုံး ကျေးဇူးတင်လိုသည်မှာ အမှုနှင့်ပတ်သက်၍ အစမှအဆုံးတိုင် မိမိတို့အဖွဲ့အား ယုံယုံကြည်ကြည်ဖြင့် တာဝန်ပေးအပ်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အကြီးအကဲနှင့်တကွ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

အလားတူ အမှုတစ်လျှောက်လုံးငါးနှစ်တာကာလနှင့် နောက်ဆုံးတိုက်ပွဲ ရက် ၂၀ အထိ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အစစအရာရာ အနစ်နာခံ၊ အပင်ပန်းခံ ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် မိမိ၏ရဲဘော်ရဲဘက် ICJ လုပ်ငန်းအဖွဲ့ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှင့်အတူ မိမိတို့၏ အဖြစ်မှန်ကို နားလည်သိရှိ၍ မိမိတို့ဘက်မှ စေတနာအပြည့်ဖြင့် ဝတ်ကျေတမ်းကျေ မဟုတ်ဘဲ ခုခံကာကွယ် လျှောက်လဲပေးခဲ့သည့် နိုင်ငံတကာရှေ့နေအဖွဲ့ကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ထို့ပြင် နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့၌ သွားရောက်တရားရင်ဆိုင်ခဲ့ရသည့် အကြိမ်တိုင်းတွင် အစစအရာရာ အဆင်ပြေစေရန် ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြသည့် မြန်မာသံရုံး ဘရပ်ဆဲလ်မှ သံရုံးဝန်ထမ်းများ၊ တစ်ထောက်နားခဲ့သည့် လေဆိပ်များတွင် လာရောက်ကူညီခဲ့ကြသည့် သံရုံးဝန်ထမ်းများ၊ မိမိတို့ ဥပဒေစစ်မြေပြင် ရှေ့တန်းတွင် တိုက်ပွဲဝင်နိုင်စေရန် မြန်မာနိုင်ငံအတွင်းမှ အချက်အလက်များကို ပြည့်ပြည့်စုံစုံရအောင် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့ကြသည့် ဝန်ကြီးဌာနများ၊ မီဒီယာများနှင့် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ရဲဘော်ရဲဘက်များ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

အထူးသဖြင့် မိမိတို့ ICJ ဆိုင်ရာ မြန်မာအဖွဲ့ကို ရင်ထဲ၊ အသည်းထဲမှ လှိုက်လှိုက်လှဲလှဲထောက်ခံအားပေးခဲ့ကြသည့် အမိမြန်မာပြည်မှ ပြည်သူလူထုကြီး တစ်ရပ်လုံးကို မိမိတို့အဖွဲ့က အစဉ်ထာဝရ ကျေးဇူးတင်နေမည်ဖြစ်ပါကြောင်း၊ ပြည်သူတစ်ရပ်လုံးက မိမိတို့နှင့်အတူ အားပေးရပ်တည်ခဲ့မှုသည် မိမိတို့အတွက် အဖိုးမဖြတ်နိုင်သည့် ခွန်အားဖြစ်ခဲ့ပါကြောင်း၊ ပြည်သူပါသည့်ဘက်က စစ်နိုင်သည်ဆိုသည့် ဆိုရိုးစကားအတိုင်း နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုကြီးတစ်ခုလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ပြီး လက်တွဲဆောင်ရွက်ကြမည်ဆိုလျှင် မည်သည့်အခက်အခဲမဆို၊ ကြမ်းတမ်းသည့်စိန်ခေါ်မှုမျိုးကိုမဆို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အားလုံး မျှော်လင့် တောင့်တနေကြသည့် နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အားလုံးစည်းလုံးညီညွတ်မှုနှင့် ရွှေရောင်အနာဂတ်ကို အတူတကွ လျှောက်လှမ်းကြပါစို့ဟု တိုက်တွန်းလိုပါကြောင်း။

မကြာခင် ပေါ်ပေါက်လာတော့မည့် နိုင်ငံတော်၏ အခင်းအကျင်းအသစ်နှင့်အတူ မိမိတို့ချစ်သည့် မြန်မာနိုင်ငံတော်ကြီး အခွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် အေးချမ်းသာယာဖွံ့ဖြိုးရေးအတွက် ရည်မှန်း၍ မိမိတို့အားလုံး နိုင်ငံတော်အလံကို အလေးပြုပြီး နိုင်ငံတော်သီချင်းကို တက်တက်ကြွကြွ သီဆိုကာ မိမိတို့၏ နိုင်ငံချစ်စိတ်ကို ပြသပေးကြပါစို့ဟု မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဒေါက်တာသီတာဦးတို့ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မော်တော်ယာဉ်တန်းဖြင့် ပြန်လည်ထွက်ခွာရာ လမ်းတစ်လျှောက်တွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား ကျောင်းသူများက ဗီနိုင်းပိုစတာများ ကိုင်ဆောင်ပြီး နိုင်ငံတော်အလံများ ဝှေ့ယမ်းကာ လှိုက်လှိုက်လှဲလှဲ တစ်ခဲနက် ကြိုဆိုထောက်ခံကြောင်း ပြသခဲ့ကြသည်။

**သတင်းစဉ်**



## ဟသ်ာတမြို့နယ်၌ မီးခိုးမြူငွေ့၏ဆိုးကျိုးများအကြောင်း အသိပညာပေး

**ဟသ်ာတ ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက ဟသ်ာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဟသ်ာတခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးပိုက်မင်းဇံနှင့် ခရိုင်ပြန်/ဆက်မှ ဒုတိယဦးစီးမှူး ဒေါ်မေဝင့်ရွှေရည်တို့က မီးခိုးမြူငွေ့ဆိုးကျိုးနှင့် လျှော့ချနိုင်သောနည်းလမ်းများနှင့်ပတ်သက်၍ မီးခိုးမြူငွေ့၏အဓိပ္ပာယ်၊ မီးခိုးမြူငွေ့၏ဆိုးကျိုးကြောင့် ကျန်းမာရေးအပေါ် သက်ရောက်မှုများ၊ ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများ၊ မီးခိုးမြူငွေ့ကိုလျှော့ချနိုင်သောနည်းလမ်းများအကြောင်းကို အသိပညာပေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# လူပုဂ္ဂိုလ်ကို တရားစွဲတာနဲ့ နိုင်ငံကို တရားစွဲတာက မတူပါဘူး။ နိုင်ငံကို တရားစွဲတဲ့ကိစ္စကို တစ်နိုင်ငံလုံးမှာရှိတဲ့ နိုင်ငံသူ နိုင်ငံသား ပြည်သူလူထုတွေက ဒီနိုင်ငံသားတွေဖြစ်တဲ့အတွက် တညီတညွတ်တည်း ကန့်ကွက်ရမယ်၊ တညီတညွတ်တည်း ဒီကိုယ်စားလှယ်အဖွဲ့ကို အားပေးထောက်ခံရမှာ ဖြစ်ပါတယ်

ဦးခင်မောင်ကျော်ဒင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် တရားမျှတသော အမှန်တရားအတွက် နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ)၌ တုံ့ပြန်ချေပလျှောက်လဲခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ လာရောက်ကြိုဆိုခဲ့ကြသူများထဲမှ တွေ့ဆုံမေးမြန်းထားသူများ၏ ပြန်လည်ဖြေကြားထားသည်များကို ဖော်ပြလိုက်ပါသည်-

**တွေ့ဆုံမေးမြန်း - ကျော်ကျော်၊ ကိုကိုဇော်**
**ဓာတ်ပုံ - ဇော်မင်းလတ်**


ဦးခင်မောင်ကျော်ဒင်


မဖြိုးသီရိကျော်


ဦးဝဏ္ဏ


အုန်းသီး


မောင်ရောင်စဥ်ထွန်း


မောင်ကျော်သူဇော်

**ဦးခင်မောင်ကျော်ဒင်**
**(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ)**

ဂမ်ဘီယာက စွဲဆိုတဲ့အမှုကို မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့က နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့မှာ သွားပြီးတော့အမှုရင်ဆိုင်ခဲ့တယ်။ ရက် ၂၀ လောက်ကြာတဲ့အမှုမှာ မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ကြိုးစားအားထုတ်မှုတွေ၊ လျှောက်လဲမှုတွေကိုလေးစားဂုဏ်ပြုတဲ့အတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေနဲ့ လာရောက်ဂုဏ်ပြု ကြိုဆိုတာဖြစ်ပါတယ်။ မြန်မာကိုယ်စားလှယ်အဖွဲ့က နိုင်ငံ့အကျိုးစီးပွားကို ကာကွယ်ခဲ့တဲ့အတွက် ထောက်ခံတဲ့အနေနဲ့ ကျွန်တော်တို့လည်း တစ်သားတည်းရပ်တည်ပါတယ်။ လူပုဂ္ဂိုလ်ကို တရားစွဲတာနဲ့ နိုင်ငံကို တရားစွဲတာက မတူပါဘူး။ နိုင်ငံကို တရားစွဲတဲ့အတွက် တစ်နိုင်ငံလုံး မှာရှိတဲ့ နိုင်ငံသူနိုင်ငံသား ပြည်သူလူထုတွေက ဒီနိုင်ငံသားတွေဖြစ်တဲ့အတွက် တညီတညွတ်တည်း ကန့်ကွက်ရမယ်၊ တညီတညွတ်တည်း ဒီကိုယ်စား လှယ်အဖွဲ့ကို အားပေးထောက်ခံရမှာဖြစ်ပါတယ်။ လူပုဂ္ဂိုလ်ဆိုရင်တော့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ပါလို့ရတယ်၊ မပါလို့လည်းရတယ်။ အခုက နိုင်ငံကိုတရားစွဲတဲ့ အတွက် ပြည်သူလူထုတွေအနေနဲ့ ပါကိုပါရမှာဖြစ်ပါတယ်။

**မဖြိုးသီရိကျော်**
**(သဃ်န်းကျွန်း ပညာရေးဒီဂရီကောလိပ်)**

ကျွန်မအနေနဲ့ကတော့ ကိုယ့်ရဲ့နိုင်ငံအတွက် မတရားစွပ်စွဲခံရတာကို မြန်မာကိုယ်စားလှယ်အဖွဲ့က အပြည်ပြည်ဆိုင်ရာ တရားရုံးမှာသွားပြီး ဖြေရှင်းပေးတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မတို့ သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ်က ကျောင်းသားကျောင်းသူ ၅၀၀ လောက်လာပြီး ဂုဏ်ပြုကြိုဆိုတာပါ။ တခြားကျောင်းက ကျောင်းသားကျောင်းသူတွေလည်း လာရောက်ကြိုဆိုတယ်လို့ သိရပါတယ်။ အခုလိုမျိုး ကိုယ့်နိုင်ငံအတွက် မြန်မာကိုယ်စားလှယ်အဖွဲ့က ဖြေရှင်းပေးပြီး ပြန်ရောက်လာကြတာကို ကြိုဆိုရတဲ့အတွက် မြန်မာအမျိုးသမီး တစ်ယောက်အနေနဲ့ ဂုဏ်ယူမဆုံးဖြစ်ပြီး ဝမ်းသာမိပါတယ်။

**ဦးဝဏ္ဏ**
**[ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး(ဗဟို)အဖွဲ့]**

နိုင်ငံကို ကိုယ်စားပြုပြီး အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ)မှာ သွားရောက်ဖြေရှင်းခဲ့တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို လာရောက်ဂုဏ်ပြုကြိုဆိုခြင်းဖြစ်ပါတယ်။ မြန်မာကိုယ်စားလှယ်အဖွဲ့က နိုင်ငံ့ဂုဏ်သိက္ခာကို ကယ်တင်နိုင်အောင်လို့၊ ကမ္ဘာ့အမြင်မှာ မြန်မာက အကြမ်းဖက်နေတယ်ဆိုတဲ့ အမြင်တွေကို ပျောက်ကွယ်သွားအောင် အမှန်တရားတွေကို ဖော်ထုတ်ပေးတဲ့ ကိုယ်စားလှယ်အဖွဲ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံက အကြမ်းဖက်နေတယ်ဆိုပြီး ဝါဒဖြန့်နေတာတွေကို ဒီလိုမျိုးအမှန်တရားတွေကို သိမြင်လာအောင်လို့ သွားရောက်ပြီးတော့ ဖြေရှင်းတာဖြစ်ပါတယ်။ အခုလို ICJတရားရုံးမှာ ရဲရဲဝံ့ဝံ့ ပြောကြားပြီး ဖြေရှင်းပေးခဲ့တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ရပါတယ်။

**အုန်းသီး**
**(ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ)**

ကျွန်တော်တို့နိုင်ငံအတွက် ကာကွယ်ပေးတဲ့ ပုဂ္ဂိုလ်၊ နိုင်ငံအတွက် ရှပ်ရှပ်ချုံချုံတိုက်ပွဲဝင်ပေးတဲ့ ပုဂ္ဂိုလ်တွေကို လာရောက်ကြိုဆိုတာပါ။ ICJမှာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နဲ့ အဖွဲ့သွားရောက်ချေပတဲ့အပေါ်မှာ ကျေနပ်အားရမှုရှိပါတယ်။ ပြည်ထောင်စုဝန်ကြီးနဲ့အဖွဲ့က ဉာဏ်ပညာတွေ၊ အတွေ့အကြုံတွေ ကျွန်တော်တို့ထက်အများကြီးရှိပါတယ်။ ကျွန်တော့်အနေနဲ့ သုံးသပ်ရမယ်ဆိုရင် သူများနိုင်ငံကိုလည်း ကျွန်တော်တို့ ဝင်ရောက်မစွက်ဖက်ဘူး၊ ကျွန်တော်တို့ နိုင်ငံကိုလည်း ဝင်ရောက်မစွက်ဖက်စေချင်ဘူး။ ကျွန်တော်တို့ အေးအေးချမ်းချမ်းပဲနေချင်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူလူထုကို ပြောချင်တာကတော့ မိမိနိုင်ငံကို မိမိချစ်ကြပါ၊ ကိုယ့်နိုင်ငံသာယာမှ ကျွန်တော်တို့ ပြည်သူလူထု ဘဝလဲသာယာမှာ ဖြစ်ပါတယ်။

**မောင်ရောင်စဥ်ထွန်း**
**(ရန်ကင်း ပညာရေးဒီဂရီကောလိပ်)**

ကျွန်တော်တို့နိုင်ငံရဲ့ ဂုဏ်သိက္ခာနဲ့ တရားမျှတတဲ့ အမှန်တရားအတွက် အပြည်ပြည်ဆိုင်ရာတရားရုံးမှာ သွားရောက်ဖြေရှင်းပေးခဲ့ကြပြီး ပြန်လည်ရောက်ရှိလာကြတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို လာရောက်ဂုဏ်ပြုကြိုဆိုရတဲ့အတွက် ရန်ကင်းပညာရေးဒီဂရီကောလိပ် မိသားစုအနေနဲ့ ဝမ်းမြောက်ဂုဏ်ယူရပါတယ်။လူငယ်တိုင်း လူငယ်တိုင်းမှာ ကျွန်တော်တို့ အမိမြန်မာနိုင်ငံတော်ရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊တရားဥပဒေစိုးမိုးရေး အစရှိတဲ့ နိုင်ငံတော်ရဲ့သမိုင်းပေးတာဝန်တွေကို လူငယ်တွေအနေနဲ့ နောင်တစ်ချိန်ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အစကောင်းမှ အနှောင်းသေချာ ဆိုသလိုမျိုးပဲပေ့ါ။ ကျွန်တော်တို့ လူငယ်တွေအနေနဲ့ အခုကတည်းကနေစပြီး နိုင်ငံတော်ရဲ့ ကိစ္စရပ်တွေမှာ တစ်ထောင့်တစ်နေရာကနေ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းသာယာဝပြောရေး အတွက် အုတ်တစ်ချပ်သဲတစ်ပွင့် ပါဝင်ပြီးတော့ ဆောင်ရွက်ပေးစေလိုပါတယ်။ အခုအပြည်ပြည်ဆိုင်ရာတရားရုံးမှာ သွားရောက်ဖြေရှင်းခဲ့တဲ့အမှုက လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို စွဲဆိုခြင်းမဟုတ်ဘဲ နိုင်ငံတစ်ခုလုံးနဲ့ သက်ဆိုင်တဲ့အမှုဖြစ်တဲ့အတွက် ကျွန်တော်ရဲ့ အမြင်နဲ့ပြောရမယ်ဆိုရင် နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ ကိုယ့်နိုင်ငံ ရဲ့ လွတ်လပ်ခွင့်ဆိုတာရှိပါတယ်။ အခုအမှုကို သွားရောက်ဖြေရှင်းပေးခဲ့တဲ့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ကို ကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။

**မောင်ကျော်သူဇော်**
**(ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာ)**

အပြည်ပြည်ဆိုင်ရာ တရားရုံး(ICJ)မှာ ဖြေရှင်းပြီး ပြန်လည်ရောက်ရှိလာတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို လာရောက် ဂုဏ်ပြုကြိုဆိုရတဲ့အတွက် လူငယ်တစ်ယောက်အနေနဲ့ ဝမ်းသာမိပါတယ်။ အခု ဂမ်ဘီယာနိုင်ငံက မဟုတ်မမှန်စွပ်စွဲပြီး တရားစွဲဆိုတာကို ရဲရဲဝံ့ဝံ့နဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့က ဖြေရှင်းခဲ့တာကို ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကျွန်တော့်အနေနဲ့ လူငယ်တွေကိုပြောချင်တာကတော့ အွန်လိုင်းပေါ်က သတင်းတု၊ သတင်းမှားများကို နားမယောင်ကြဘဲ အမိမြန်မာနိုင်ငံတော် ပကတိအခြေအနေကို သေချာသုံးသပ်ပြီး အမှန်ကိုသိမြင်နိုင်အောင် ကြိုးစားကြပါလို့ ပြောချင်ပါတယ်။

## ဇီးကုန်းမြို့မဈေးအတွင်း ယာယီဈေးရုံဆိုင်ခန်းသစ်များ ဖွင့်ပွဲကျင်းပ



ဇီးကုန်း ဖေဖော်ဝါရီ ၁

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇီးကုန်းမြို့မဈေး B-3 ယာယီဈေးရုံ ဆိုင်ခန်းသစ်များ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် မြို့မဈေးအတွင်း အဆိုပါဈေးရုံသစ်၌ ကျင်းပခဲ့သည်။

မြို့မဈေး B-3 ယာယီဈေးရုံ ဆိုင်ခန်းသစ်များအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်အောင်၊ အတွင်းရေးမှူး ရဲမှူးကျော်မြင့်နိုင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်လင်းသူ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကံမြင့်၊ မြို့နယ်လဝက ဦးစီးမှူးဦးထွန်းအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ဈေးဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ B-3 ယာယီဈေးရုံ ဆိုင်ခန်းများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ၁၁၅.၂ ကျပ်သန်းဖြင့် Steel structure ဆောက်လုပ်ခဲ့ပြီး ဆိုင်ခန်း ၉၀ ပါဝင်ကြောင်း သိရသည်။ **တင့်ဆွေ(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်လိုအပ်

## ဇာနည်ဘွား

၁၂ ဖေဖော်ဝါရီ ၂၀၂၆။ ယခုနှစ် ပြည်ထောင်စုနေ့က (၇၉)နှစ်မြောက်ဖြစ်သည်။ ပြည်ထောင်စုနေ့နှင့် ဆက်စပ်သည့် ငယ်စဉ်ဘဝက မြင်ကွင်းပုံရိပ်များက စိတ်နှလုံးမှာ တဖျပ်ဖျပ် ထင်ဟပ်လာသည်။

**“ကချင် ကယား ကရင် ချင်း ဗမာ မွန် ရခိုင် ရှမ်းတို့တစ်တွေ ... ပြည်ထောင်စုဖွား တိုင်းရင်းသားမို့ ညီအစ်ကိုမောင်နှမပေ ... သွေးစည်းကာသာလေ ... ညီညွတ်ချစ်ကြည်နေ ... အေးအတူ ပူအမျှ ... အတူတကွ မှုအရ ခံစားကြမယ်လေ... လာလာလေ ... လာကြပြီလေ ... ရေမြေတောအနှံ့က တို့ဆွေသဟာတွေ ... ရပ်ဝေးကဆွေ ရပ်နီးကဆွေ စုပေါင်းညီညာပေ”** ပြည်ထောင်စုနေ့ နီးလေတိုင်း အမြဲတစေ ကြားနေရသည့် **“တို့ပြည်ထောင်စုသား”** တေးသွားကို အမှတ်ရမိသည်နှင့်အမျှ ယခုပင်နှုတ်ကတဖွဖွ ရွတ်ဆို ညည်းမိလေ၏။

ထို့အတူ **“တို့ပြည်ထောင်စုအလံတော်သည် တလူလူလွင့်လို့ချီလာပြီ”**ဟူသည့် တေးသီချင်းနှင့်အတူ ရန်ကုန်မြို့တွင် တစ်နှစ်တာရပ်နားခဲ့သော ပြည်ထောင်စုအလံတော်သည် ပြည်နယ်နှင့် တိုင်းများသို့ လှည့်လည်ခဲ့သည့် မြင်ကွင်းပုံရိပ်များကလည်း မိမိတို့ မျိုးဆက်များအတွက် ယနေ့တိုင် မမေ့နိုင်ပါပေ။

နှစ်သစ်၏ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလရောက်ပြီဆိုလျှင် ထိုခေတ် ထိုအခါက နိုင်ငံပိုင်သတင်းစာများတွင် ပြည်နယ်နှင့် တိုင်းဘောလုံးပြိုင်ပွဲမှာ ပြည်ထောင်စုအလံတော်ခရီး လှည့်လည်သည့် သတင်းဓာတ်ပုံများကသာ ဝေဝေဆာဆာ နေရာယူလျက်ရှိပေသည်။

မိမိတို့ငယ်ဘဝတွင် အမှတ်တရနှင့် အပျော်ရွှင်ဆုံးပွဲတော်များကို ဖော်ညွှန်းပြပါဆိုလျှင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်နှင့် ပြည်ထောင်စုနေ့ပွဲတော်ဟူ၍သာဆိုရပါမည်။ ပြည်ထောင်စုအလံတော်သည် ပြည်နယ်နှင့်တိုင်းများသို့ လှည့်လည်အပြီးတွင် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပမည့် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းသို့ ပြန်လည်ဆိုက်ရောက်လာလေ့ရှိရာ ပွဲတော်ကာလအတွင်း ဂီတ၊ ရုပ်ရှင်၊ ဇာတ်သဘင်ဖျော်ဖြေပွဲများ၊ ပြည်နယ်နှင့် တိုင်း၊ ဝန်ကြီးဌာနအလိုက် ပြခန်းများ၊ မုန့်ဈေးတန်းများဖြင့် ညစဉ်ညတိုင်းပရိသတ်များ တိုးမပေါက်အောင် စည်ကားခဲ့ပါသည်။ ပြည်ထောင်စုပွဲတော်နှင့် မိမိတို့ငယ်ဘဝက ခွဲခြား၍ မရစကောင်းပေ။

နိုင်ငံ့ခေါင်းဆောင် အဆက်ဆက်သည် ပြည်ထောင်စုနေ့ကို အဘယ်ကြောင့် မပျက်မကွက် အလေးအနက်ထား၍ ကျင်းပခဲ့ကြရပါသနည်း။

တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး အေးအတူ ပူအမျှ၊ ဥမကွဲသိုက်မပျက် ထာဝရစည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှုရှိစေရန်နှင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ရည်သန်၍ မပျက်မကွက်အလေးအနက်ထားကျင်းပခဲ့ခြင်းဖြစ်သည်ဟု ဆိုရပေမည်။

တစ်နည်းအားဖြင့် ပြည်ထောင်စုအလံတော်ကို လက်ဆင့်ကမ်းသယ်ဆောင်ခဲ့သလို ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန် မျိုးဆက်တစ်ဆက်နှင့်တစ်ဆက်အကြား လက်ဆင့်ကမ်းအမွေပေးဝေလို၍ဖြစ်လေသည်။

ငယ်စဉ်ကမူ ဤသို့ အလေးအနက်တွေးတောစဉ်းစားခဲ့ခြင်းမရှိခဲ့ရိုး အမှန်ပင်။ ပြည်ထောင်စုပွဲတော် ကျင်းပလျှင် မုန့်ဈေးတန်းတွင် မုန့်စားမည်။ ရုပ်ရှင်၊ အငြိမ့်၊ ဇာတ်သဘင်ကြည့်မည်။ ပျော်မည် ပါးမည်။ ဤမျှသာ။ ယခုအသက်အရွယ်ရလာတော့ မိသားတစ်စုတွင် မိသားစုစိတ်ဓာတ်၊ နိုင်ငံတစ်နိုင်ငံတွင် ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ကား အသက်ဝိညာဉ်တစ်ခုပမာ အရေးပါမှန်း သိလာခဲ့ရသည်။ မျိုးဆက်သစ်လူငယ်မောင်မယ်များအနေဖြင့်လည်း မိမိတို့ကဲ့သို့ အသက်အရွယ်ရလာမှ၊ ခေတ်အမျိုးမျိုးကို ဖြတ်သန်းကျော်ဖြတ်လာပါမှ၊ အတွေ့အကြုံရင့်ကျက်လာပါမှ ပိုမိုသိရှိနားလည်သဘောပေါက်လာကြပေလိမ့်မည်။ အတိတ်သမိုင်းကြောင်းများကို ပြန်ပြောင်းဆင်ခြင် လေ့လာခြင်းဖြင့်လည်း ပြည်ထောင်စုစိတ်ဓာတ်၏ အရေးပါမှုကို သိရှိနားလည်လာကြပေလိမ့်မည်။

အနီးစပ်ဆုံး သင်ခန်းစာတစ်ခုကား စစ်အေးတိုက်ပွဲအပြီးတွင် ပြိုပျက်သွားခဲ့ရသော ဆိုဗီယက်ပြည်ထောင်စုနှင့် ယူဂိုဆလားဗီးယားပြည်ထောင်စုတို့၏ ကျဆုံးခန်းများ။ ဒုတိယကမ္ဘာစစ်ကြီးအပြီး စစ်အေးတိုက်ပွဲအတွင်း အားပြိုင်ခဲ့စဉ်ကပင် အမေရိကန် ဦးဆောင်သော နေတိုးစစ်အုပ်စုကို ထိပ်တိုက်ရင်ဆိုင်ခဲ့သော ဝါဆောစစ်အုပ်စုခေါင်းဆောင် ဆိုဗီယက်ပြည်ထောင်စုနှင့် မာရှယ်တီးတိုး ခေါင်းဆောင်သော ယူဂိုဆလားဗီးယားပြည်ထောင်စုတို့သည် စစ်အေးတိုက်ပွဲကာလတွင် မပြိုလဲ၊ မပြိုကွဲဘဲ ပြည်ထောင်စုသားအချင်းချင်း သူတစ်လူ၊ ငါတစ်မင်း ခွဲထွက်ကြရာမှ ဝါးအစည်းပြေသလို ပြည်ထောင်စုကြီး ပြိုကွဲခဲ့ကြရလေသည်။

မြတ်စွာဘုရားရှင် လက်ထက်တော်ကာလက **ဝေသာလီကို သက်သေတည်၍ ဆိုရပါသော် ကောသလနှင့် မဂဓတိုင်းအင်အားကြီး နိုင်ငံကြီးများကြားတွင် ဂဏအုပ်ချုပ်ရေး နိုင်ငံငယ်ကလေး တစ်နိုင်ငံဖြစ်သော ဝေသာလီသည် စုပေါင်းအုပ်ချုပ်မင်းလုပ်ကြသော လိစ္ဆဝီမင်းသားတို့၏ ရေကိုသား၍ ကြားမထင်သော စည်းလုံးညီညွတ်မှု၊ ညီညာထကြွလုံ့လရှိမှုတို့ကြောင့် တံတိုင်းသုံးထပ်ရံကာပတ်ရသည့်အထိ တိုးတက်စည်ပင်လာခဲ့သော ဝေသာလီ၊ အဆက်မပြတ် စစ်ရေးလေ့ကျင့်မှုကြောင့် နိုင်ငံကြီးများကြားတွင်စစ်အင်အား ထည်ဝါခဲ့သောဝေသာလီ၊ အိမ်နီးချင်းမဂဓတိုင်းအရှင် ဘုရင်အဇာတသတ်၏ စစ်တပ်ကြီးအပေါ် နှစ်ကြိမ်တိုင်တိုင် အသာစီးရယူနိုင်ခဲ့သောဝေသာလီ၊ ထိုဝေသာလီပြည်သည် အဆုံးမှာတော့ အဇာတသတ်မင်း၏ ညာလက်ရုံး ပြိုင်ဘက်ကင်းသော နိုင်ငံရေးသုခမိန် ဝဿကာရအမတ်ကြီး၏ ဖြားယောင်းသွေးဆောင်၊ သင်းခွဲသပ်လျှိုမှုကြောင့် လိစ္ဆဝီမင်းသားအချင်းချင်းကြား စိတ်ဝမ်းကွဲပြားခဲ့ကြရာမှ ဝေသာလီပြည်ကြီး ပျက်စီးခဲ့ရလေသည်။**

> **အမှန်စင်စစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် နိုင်ငံ၏တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ သဘာဝသယံဇာတအရင်းအမြစ်အားဖြင့် ဒေသတွင်းနိုင်ငံများနှင့် အဘက်ဘက်မှ ယှဉ်ပြိုင်နိုင်စွမ်းရှိပါသည်။**
>
> **မြန်မာအတွက် လိုအပ်နေမှုမှာ ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်မှု၊ စုပေါင်းကြိုးစားအားထုတ်မှုသာ ဖြစ်ပေသည်။ ငြိမ်းချမ်းရေးခရီးကလည်း အလှမ်းမဝေးလှပါ။ လာချင်လျှင် အနီးလေးဖြစ်ပါသည်။ မျက်မှောက်ကာလတွင် အတူတကွ မျှဝေခံစားခြင်းဟူသော ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်နေသည့်ကာလဖြစ်၍ နိုင်ငံရေးအမြင်မတူမှုများကို နိုင်ငံရေးနည်းလမ်းဖြင့် စားပွဲဝိုင်းတွင် ဆွေးနွေးအဖြေရှာနိုင်**

### မြန်မာနိုင်ငံသားတို့၏ စုစည်းညီညွတ်မှုအားမာန်

မြန်မာ့သမိုင်းတွင်လည်း မြန်မာနိုင်ငံသားတို့၏ စုစည်းညီညွတ်မှုအားမာန်ဖြင့် အနော်ရထာမင်းခေတ်တွင် ပထမမြန်မာနိုင်ငံတော်၊ ဘုရင့်နောင်ခေတ်တွင် ဒုတိယမြန်မာနိုင်ငံတော်၊ အလောင်းမင်းတရားခေတ်တွင် တတိယမြန်မာနိုင်ငံတော်ကြီးကို ခမ်းနားထည်ဝါစွာ ထူထောင်နိုင်ခဲ့သော်လည်း ကုန်းဘောင်ခေတ် နောက်ဆုံးမင်းဆက်တွင် မညီမညွတ်ဖြစ်လာခဲ့ရာမှ မြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ်လက်အောက် ကျွန်သပေါက်ဘဝသို့ ကျရောက်ခဲ့ရလေသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများက ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံမြေကို သက်သေတည်၍ တောင်တန်းနှင့် ပြည်နယ် ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးအရယူရန် ချုပ်ဆိုခဲ့ကြသော သမိုင်းဝင်ပင်လုံစာချုပ်ကြောင့် နှစ်ပေါင်း ၁၀၀ ကျော် နယ်ချဲ့အင်္ဂလိပ်လက်အောက် သူ့ကျွန်ဘဝမှ လွတ်မြောက်ကာ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ယနေ့တိုင် ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ပေသည်။

သို့ပါသော်လည်း ကိုလိုနီနယ်ချဲ့၏ သွေးခွဲအုပ်ချုပ်ရေးကြောင့် ပေါ်ပေါက်လာခဲ့သော လက်နက်ကိုင်ပဋိပက္ခများဖြင့် ပြည်ထောင်စုကြီးမှာ ဖွံ့ဖြိုးတိုးတက်သင့်သလောက် တိုးတက်နိုင်ခြင်း မရှိခဲ့ပေ။ ထို့ပြင် နိုင်ငံတော်နှင့် နိုင်ငံသားတို့ အကျိုးစီးပွားရှိစေမည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီးများမှာလည်း ဘေးပယောဂနှင့် သွေးထိုးလှုံ့ဆော်မှုများကြောင့် ယနေ့တိုင် နှောင့်နှေးကြန့်ကြာမှုများရှိနေဆဲပင်။

**အမှန်စင်စစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် နိုင်ငံ၏တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ သဘာဝသယံဇာတအရင်းအမြစ်အားဖြင့် ဒေသတွင်းနိုင်ငံများနှင့် အဘက်ဘက်မှ ယှဉ်ပြိုင်နိုင်စွမ်းရှိပါသည်။**

မြန်မာအတွက် လိုအပ်နေမှုမှာ ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်မှု၊ စုပေါင်းကြိုးစား အားထုတ်မှုသာ ဖြစ်ပေသည်။ ငြိမ်းချမ်းရေးခရီးကလည်း အလှမ်းမဝေးလှပါ။ လာချင်လျှင် အနီးလေးဖြစ်ပါသည်။ မျက်မှောက်ကာလတွင် အတူတကွ မျှဝေခံစားခြင်းဟူသော ဖက်ဒရယ်ပြည်ထောင်စုကြီးကိုတည်ဆောက်နေသည့်ကာလဖြစ်၍ နိုင်ငံရေးအမြင်မတူမှုများကို နိုင်ငံရေးနည်းလမ်းဖြင့် စားပွဲဝိုင်းတွင် ဆွေးနွေး အဖြေရှာနိုင်ပါသည်။

ယနေ့ ကမ္ဘာ့အခင်းအကျင်းများအရ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များ မဆိုထားဘိ အလယ်အလတ်နိုင်ငံ (Middle Power)များပင် စိန်ခေါ်မှုများစွာ ရင်ဆိုင်ကြုံတွေ့လျက်ရှိရာ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ စည်းလုံးညီညွတ်သောပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ကြံ့ကြံ့ခံရပ်တည်နေကြရပါသည်။

တိုင်းရင်းသားလူမျိုးများဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့်မူ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထွန်းကားပြန့်ပွားရေးသည် ပို၍ပင် အရေးပါလျက်ရှိပေသည်။ အတိတ်သမိုင်းသင်ခန်းစာများအရသော်လည်းကောင်း၊ လက်ရှိ ကမ္ဘာ့အခင်းအကျင်းများအရသော်လည်းကောင်း ပြည်ထောင်စုစိတ်ဓာတ်ကား ထာဝစဉ် လိုအပ်နေပါမည်။

သို့ဖြင့် **“နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊**

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး”** တို့ အပါအဝင်ဖြစ်သော ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် စွန်ရဲအင်းဒေသ STS Forward Co.,ltd. နို့စားနွားမွေးမြူရေးခြံ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နို့စားနွားမွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာလုပ်ကိုင်နိုင်ရေးအတွက် သတ်မှတ်ထားသည့် နို့စားနွားကောင်ရေပြည့်မီအောင် မွေးမြူရေး၊ တိရစ္ဆာန်အစာပင်များကို စိုက်ကွက်အလိုက် အလှည့်ကျရိတ်သိမ်း ကျွေးမွေးနိုင်ရေးနှင့် သန့်ရှင်းရေး၊ လုံခြုံရေး၊ ခြံလုပ်သားများနေထိုင်ရေးစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ စနစ်တကျစီမံဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားကာ နို့စားနွားမများ၊ နွားသားပေါက်များ မွေးမြူထားရှိမှုကို ကြည့်ရှုသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စဉ့်ကိုင်မြို့နယ် ဒုဋ္ဌဝတီမြစ်အနီးတွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျွန်းဦးဆိုလာစနစ်ရေတင်စီမံကိန်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ တစ်နှစ်လျှင် သီးနှံသုံးသီးစိုက်ပျိုးကြရန်နှင့် အခြေအနေပေးသည့် လယ်မြေ၌ စပါးနှစ်သီးနှင့် တောင်သူစိတ်ကြိုက်သီးနှံတစ်မျိုး စိုက်ပျိုးရန် တိုက်တွန်းပြောကြားသည်။

စဉ့်ကိုင်မြို့နယ် ဧည့်ပြကျေးရွာအုပ်စုရှိ ကျွန်းဦးကျေးရွာနှင့် ညောင်ပင်သာကျေးရွာများမှ တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်နေကြသော်လည်း ရာသီဥတုဖောက်ပြန်ခြင်း၊ မိုးရွာသွန်းမှုမမှန်ခြင်းနှင့် မိုးခေါင်ခြင်းတို့ကြောင့် နှစ်စဉ် မိုးတစ်သီးသာစိုက်ပျိုးနိုင်ခဲ့ပြီး ဖြစ်ထွန်းအောင်မြင်မှုမရှိခြင်း၊ မကြာခဏပျက်စီးဆုံးရှုံးခြင်း၊ သီးနှံအထွက်နှုန်းကျဆင်းခြင်း စသည့်အခက်အခဲများနှင့် ရင်ဆိုင်နေကြရမှုအပေါ် ဖြေရှင်းပေးနိုင်ရေး၊ တောင်သူများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြင့် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်နှင့် ၁၆၀ ကီလိုဝပ် ရေတင်ပန့်သုံးလုံးတပ်ဆင်ပြီး ဒုဋ္ဌဝတီမြစ်မှ ရေတင်ယူ၍ ရေပေးမြောင်း ၆ ဒသမ ၇ မိုင်၊ တူးမြောင်းအဆောက်အအုံ ၈၅ ခုမှတစ်ဆင့် စိုက်ပျိုးမြေဧက ၅၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေကာ တစ်နှစ်ပတ်လုံး သီးနှံစိုက်ပျိုးနိုင်စေရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ ချောင်းမကြီးမျိုးသန့်ခြံရှိ ရေဆင်း(၁) စပ်မျိုးနေကြာမျိုးစေ့ထုတ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် နေကြာစိုက်ပျိုးမှုတိုးတက်လာစေရန် သီးနှံအရည်အသွေးနှင့် အထွက်နှုန်းမြင့်မားသော နေကြာမျိုးစေ့များ တောင်သူများအသုံးပြုစိုက်ပျိုးနိုင်ရေး ဆက်လက်ကြိုးပမ်းသွားကြရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် MSME လုပ်ငန်းရှင်များအတွက် လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်း ပါဝင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်)တွင် MSME လုပ်ငန်းရှင်များအတွက် လုပ်ငန်းစီးပွား ချိတ်ဆက်မှုပြခန်း (Business Matching Hall) ပါဝင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။



"အဓိကတော့ နိုင်ငံတော်က MSME လုပ်ငန်းရှင်တွေကို ပြည်တွင်း ပြည်ပ ဈေးကွက် အခွင့်အလမ်းတွေ ရရှိစေဖို့ ရည်ရွယ်တာပါ။ ဒီပြပွဲနဲ့အတူ ပြည်တွင်းဈေးကွက် ချိတ်ဆက်မှု၊ ပြည်ပဈေးကွက် ချိတ်ဆက်မှု၊ ရင်းနှီးမတည်ငွေ ရရှိရေးအတွက် ချိတ်ဆက်မှုအပြင် သက်ဆိုင်ရာ အစိုးရဌာနတွေကနေ သတင်းအချက်အလက်တွေကို မျှဝေပေးမယ့်အစီအစဉ်တွေ ပါဝင်ပါတယ်။ ပြည်တွင်းဈေးကွက် ချိတ်ဆက်မှုအနေနဲ့ MSME လုပ်ငန်းတွေက ထုတ်လုပ်ထားတဲ့ ထုတ်ကုန်ပစ္စည်းတွေကို ပြည်တွင်းမှာရှိတဲ့ Modern စတိုးတွေ၊ လက်လီ/လက်ကားဆိုင်တွေဖြစ်တဲ့ City Mart၊ AERON၊ Makro၊ G & G စတဲ့ဆိုင်တွေမှာ ရောင်းချနိုင်ရေးအတွက် လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်းကနေတစ်ဆင့် မျက်နှာချင်းဆိုင် တွေ့ဆုံပေးသွားမှာဖြစ်ပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဒေါက်တာ သက်လွင်ဦးက ပြောကြားသည်။

MSME လုပ်ငန်းရှင်များအနေဖြင့် ပြပွဲမှတစ်ဆင့် ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်တစ်ဦး ဖြစ်စေမည့် လုပ်ငန်းစဉ်များ၊ သီလဝါ SEZ ၏ Promotion Zone အတွင်း ထုတ်လုပ်ရေး လုပ်ငန်းများ၊ ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်များ၊ လက်လီ/လက်ကား ရောင်းချသူများနှင့် အချင်းချင်းချိတ်ဆက်နိုင်မည့် လုပ်ငန်းစဉ်များ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အချိတ်အဆက်များ ရရှိစေရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့အတူ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့တွင် ဝန်ကြီးဌာနကိုးခုက MSME လုပ်ငန်းရှင်များအတွက် ပို့ကုန်/သွင်းကုန်ဆိုင်ရာ လုပ်ငန်းရှင်များ ပြည်ပဈေးကွက် ဝင်ရောက်နိုင်ရေး လိုအပ်သည့် Certificate ရရှိရေးနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတကာကုန်စည်ပြပွဲများတွင် MSME ထုတ်ကုန်များစွာ ပါဝင်ပြသနိုင်ရေးနှင့် Online E-Commerce Platform မှတစ်ဆင့် MSME ထုတ်ကုန်များကို နိုင်ငံတကာဝယ်လက်များသို့ တိုက်ရိုက် ချိတ်ဆက်ဝယ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် ပြပွဲအတွင်း ပြည်ပဈေးကွက်ချိတ်ဆက်မှု အနေဖြင့် MSME လုပ်ငန်းရှင်များက ပြည်ပသို့တင်ပို့မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမတည်ငွေရရှိရေး၊ စီးပွားရေးသံမှူးများနှင့် ချိတ်ဆက်၍ အသိပညာ မျှဝေပေးနိုင်ရန်အတွက်လည်းကောင်း၊ ရင်းနှီးမတည်ငွေရရှိရေး ချိတ်ဆက်မှုအနေဖြင့် ပုဂ္ဂလိကဘဏ်များမှ ဘဏ်ချေးငွေရရှိရေး၊ ဘဏ်များ၏ ဝန်ဆောင်မှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိနိုင်ရန်အတွက် လည်းကောင်း ချိတ်ဆက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ဒေါက်တာသက်လွင်ဦး

ထို့ကြောင့် ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင် ဖြစ်လိုသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသေးစား၊ အငယ်စားနှင့် အလတ်စား MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်ဆောင်ရွက်နိုင်ရေးအတွက် ပြပွဲကာလအတွင်း လုပ်ငန်း/စီးပွား ချိတ်ဆက်မှု ပြခန်းတွင် သက်ဆိုင်ရာ ကဏ္ဍအလိုက် လာရောက်လေ့လာခြင်း၊ ဆွေးနွေးခြင်း ဆောင်ရွက်နိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အသိပေးကြေညာထားသည်။

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)ကို နေပြည်တော်ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**သတင်းစဉ်**



# သရက်ချောင်းမြို့နယ်၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး အသိပေးဆွေးနွေး

**သရက်ချောင်း ဖေဖော်ဝါရီ ၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်အတွင်း ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှုအားနည်းသည့်ဒေသများတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး အသိပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းက သရက်ချောင်းမြို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သရက်ချောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ သရက်ချောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းဇော်ဦးက အခမ်းအနားသို့ တက်ရောက်လာသူများအား ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးခြင်းလုပ်ငန်းများနှင့် လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၂၈ / ၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ရန်ကုန်တိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁) | ဒေါက်တာ မေသန်းနွယ် | ၁၂/တမန(နိုင်) ၀၄၁၃၉၆ | ဒဂုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဦးညီညီသွယ် | ၁၂/လမတ(နိုင်) ၀၀၀၃၀၇ | လမ်းမတော်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဒေါ်အေးအေးမြင့် | ၁၂/ဆကခ(နိုင်) ၀၁၅၉၈၂ | ဆိပ်ကြီး/ခနောင်တိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဒေါ်ဆွေဆွေဝင်း | ၁၂/ဒလန(နိုင်) ၀၀၉၁၅၇ | ဒလမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးဇွဲရန်နိုင်(ခ) ဦးကိုကိုဇော် | ၁၂/ဒဂမ(နိုင်) ၀၀၉၂၈၆ | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးသိန်းကျော် | ၁၂/ကတတ(နိုင်) ၀၂၁၉၈၀ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးတင်ရှိန် | ၁၂/မဂတ(နိုင်) ၀၀၄၈၈၃ | မင်္ဂလာတောင်ညွန့်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးငွေးအောင် | ၅/ကသန(နိုင်) ၀၂၄၆၂၈ | သာကေတမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၉) | ဒေါ်ဝင်းဝင်းအောင် | ၁၂/ဥကမ(နိုင်) ၀၁၆၃၁၃ | မြောက်ဥက္ကလာပမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဒေါက်တာထူးမောင် | ၅/ရဥန(နိုင်) ၀၁၇၇၃၉ | တာမွေမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးချစ်ကိုကို | ၁၂/ဒဂန(နိုင်) ၀၀၂၂၂၅ | ရန်ကင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၂) | ဒေါ်အေးမင်းမိုး | ၁၂/ကတန(နိုင်) ၀၀၀၃၁၁ | ကျောက်တန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးအေးသိန်း | ၁၂/ခရန(နိုင်) ၀၀၇၁၆၉ | ခရမ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဒေါ်ခင်မြတ်စု | ၁၂/သခန(နိုင်) ၀၃၈၂၅၁ | သုံးခွမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးမျိုးမြင့် | ၁၂/စခန(နိုင်) ၀၀၄၇၇၅ | စမ်းချောင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးမင်းမင်း | ၁၂/ခရန(နိုင်) ၀၇၃၁၄၁ | လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဦးကြည်စိုး | ၁၂/သခန(နိုင်) ၀၂၆၆၆၄ | လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )** | | | | |
| (၁၈) | ဦးကျော်ကျော်စိုး | ၈/ငဖန(နိုင်) ၀၁၁၇၉၉ | မြောက်ဥက္ကလာပမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၉) | ဦးထင်ကျော်သူ | ၁၂/လကန(နိုင်) ၀၂၂၂၀၂ | မရမ်းကုန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | ဦးစံကျော် | ၁၂/ဆကန(နိုင်) ၀၀၀၈၄၃ | လှိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၁) | ဒေါ်သင်းသင်းမိုး | ၁၂/မဘန(နိုင်) ၀၂၁၉၀၄ | ကြည့်မြင်တိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) | ဦးထင်လင်းကျော် | ၁၂/သဃက(နိုင်) ၁၆၁၀၀၁ | စမ်းချောင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) | ဒေါ်ခိုင်ဆုရည်ဇော် | ၁၂/စခန(နိုင်) ၀၆၅၄၁၂ | ဗဟန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၄) | ဦးကျော်လင်း | ၁၂/လမတ(နိုင်) ၀၁၆၆၅၂ | ကမာရွတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၂၅) | ဦးအောင်ခိုင်ဦး | ၅/ကဘလ(နိုင်) ၀၀၆၅၆၃ | အလုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၂၆) | ဒေါ်စောစောဦး | ၁၂/လသန(နိုင်) ၀၀၃၉၄၁ | လမ်းမတော်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၂၇) | ဦးသန်းထွေး | ၁၂/ပဘတ(နိုင်) ၀၀၈၆၂၇ | ပန်းဘဲတန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၂၈) | ဦးကျော်မင်းထက် | ၈/သရန(နိုင်) ၀၉၈၅၁၂ | ကျောက်တံတားမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၂၉) | ဒေါက်တာ တင်အောင်ခိုင် | ၁၂/တမန(နိုင်) ၀၁၇၀၂၀ | ဒဂုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၃၀) | ဒေါ်အေးမြသဲဖြူ | ၁၄/ဖပန(နိုင်) ၀၉၄၈၅၃ | လသာမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| **ရန်ကုန်တိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၂ )** | | | | |
| (၃၁) | ဦးဇော်မိုးထက် | ၁၀/ကထန(နိုင်) ၀၆၇၇၀၉ | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၂) | ဒေါ်စန်းစန်းဝင်း | ၁၂/သဃက(နိုင်) ၀၁၅၅၅၉ | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၃) | ဒေါ်ဥမ္မာအောင်(ခ) ဂျာတောင် | ၁၂/ဒဂန(နိုင်) ၀၂၉၁၈၄ | သဃ်န်းကျွန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၄) | ဦးသော်တာ | ၁၂/သဃက(နိုင်) ၀၇၅၈၅၇ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၃၅) | ဦးဝင်းထိန် | ၁၂/တမန(နိုင်) ၀၆၀၁၉၃ | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၃၆) | ဒေါ်မိုးသူဇာ | ၇/ပခန(နိုင်) ၂၄၄၀၅၈ | တောင်ဥက္ကလာပမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၃၇) | ဦးဉာဏ်ထက်ခိုင် | ၁၂/ကမတ(နိုင်) ၀၆၄၈၃၁ | တာမွေမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၃၈) | ဦးဇော်တင် | ၁၂/ဗတထ(နိုင်) ၀၀၉၆၉၁ | ရန်ကင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | မြန်မာနိုင်ငံတောင်သူ လယ်သမားဖွံ့ဖြိုး တိုးတက်ရေးပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၃ )** | | | | |
| (၃၉) | ဦးသန့်စင်ကျော် | ၁၃/လရန(နိုင်) ၁၀၄၃၇၀ | လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၀) | ဦးနေလင်းထွန်း | ၁၂/ကတန(နိုင်) ၀၆၇၀၂၆ | လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၁) | ဦးဝင်းထွန်းနိုင်(ခ) ရွှေဘော် | ၁၂/ကမန(နိုင်) ၀၆၆၂၁၀ | အင်းစိန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၂) | ဒေါ်စုစုမင်း | ၁၂/ဆကခ(နိုင်) ၀၀၉၅၈၅ | တွံတေးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၃) | ဦးသန်းဦး | ၇/သကန(နိုင်) ၀၀၀၀၇၈ | ဒလမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ၈၈မျိုးဆက်ကျောင်းသား လူငယ်များ(ပြည်ထောင်စု မြန်မာနိုင်ငံ) ပါတီ |
| (၄၄) | ဦးလေးစိုး | ၁၂/ဗတထ(နိုင်) ၀၂၀၉၁၂ | ကော့မှူးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ၈၈ မျိုးဆက်ကျောင်းသား လူငယ်များ(ပြည်ထောင်စု မြန်မာနိုင်ငံ) ပါတီ |
| (၄၅) | ဒေါ်စန္ဒာဝင်း | ၁၂/ပဇတ(နိုင်) ၀၀၂၂၀၇ | ကွမ်းခြံကုန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၄၆) | ဦးဝင်းကျော်ဦး | ၁၀/မလမ(နိုင်) ၁၄၁၃၂၉ | ဆိပ်ကြီး/ခနောင်တိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၄ )** | | | | |
| (၄၇) | ဦးမျိုးသော် | ၁၂/ဗတထ(နိုင်) ၀၃၂၃၇၆ | သန်လျင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၈) | ဦးအောင်နိုင် | ၁၂/ကကက(နိုင်) ၀၀၀၆၆၁ | ကိုကိုးကျွန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၉) | ဦးလှဝင်းမောင် | ၉/မနမ(နိုင်) ၀၈၉၄၂၄ | သာကေတမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

စာမျက်နှာ ၉ သို့ ✣

✣ စာမျက်နှာ ၈ မှ

| | | | |
|---|---|---|---|
| (၅၀) ဦးမျိုးမြင့် | ၁၂/ကတန(နိုင်) ၀၁၇၀၇၃ | ကျောက်တန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၁) ဦးဗိုလ်ဗိုလ် ခင်မောင်တင့် | ၁၂/မဂတ(နိုင်) ၀၈၆၂၀၀ | ခရမ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၂) ဦးလှဌေး | ၁၂/မဂတ(နိုင်) ၀၄၇၉၄၂ | သုံးခွမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၅၃) ဦးဝေယံပိုင် | ၁၂/သလန(နိုင်) ၁၂၈၃၈၄ | မင်္ဂလာတောင်ညွန့် မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၅၄) ဦးစိုးဦး | ၁၂/လကန(နိုင်) ၀၃၅၄၂၈ | ဒေါပုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၅၅) ဦးစိုးမြင့် | ၅/ကဘလ(နိုင်) ၀၉၆၈၄၀ | ပုဇွန်တောင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၅၆) ဦးစိုင်းအောင်မြင့်ခိုင် | ၁၃/လခတ(နိုင်) ၀၀၄၆၈၉ | ဗိုလ်တထောင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း ( ၃ )
## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲအရေအတွက် | ကြိုတင်မဲအရေအတွက် | ခိုင်လုံမဲစုစုပေါင်း | ခိုင်လုံမဲရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| ၁ | ဒဂုံမြို့နယ် | | | ၈၀၈၇ | ၁၂၃၅ | ၉၃၂၂ | |
| | | ဒေါက်တာမေသန်းနွယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၂၄၈ | ၁၀၆၈ | ၆၃၁၆ | ၆၇.၇၅% |
| | | ဒေါ်စိုးစိုးနှင်း | ပြည်သူ့ပါတီ | ၁၁၆၀ | ၆၅ | ၁၂၂၅ | ၁၃.၁၄% |
| | | ဦးသီဟစိုးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၁၈ | ၅၈ | ၉၇၆ | ၁၀.၄၇% |
| | | ဦးအောင်ကိုဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၆၁ | ၄၄ | ၈၀၅ | ၈.၆၄% |
| ၂ | လမ်းမတော်မြို့နယ် | | | ၇၈၄၃ | ၁၃၈၄ | ၉၂၂၇ | |
| | | ဦးညီညီသွယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၃၇ | ၉၆၄ | ၄၅၀၁ | ၄၈.၇၈% |
| | | ဒေါက်တာဥမ္မာကြည် | ပြည်သူ့ပါတီ | ၃၁၈၅ | ၂၈၆ | ၃၄၇၁ | ၃၇.၆၂% |
| | | ဦးတင်ဌေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၂၁ | ၁၃၄ | ၁၂၅၅ | ၁၃.၆၀% |
| ၃ | ဆိပ်ကြီး/ခနောင်တိုမြို့နယ် | | | ၁၄၂၆၂ | ၁၄၉၀ | ၁၅၇၅၂ | |
| | | ဒေါ်အေးအေးမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၉၅၈ | ၁၀၀၃ | ၆၉၆၁ | ၄၄.၁၉% |
| | | ဦးနေဦး | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၆၀၇ | ၁၉၉ | ၂၈၀၆ | ၁၇.၈၁% |
| | | ဒေါ်ဥမ္မာလွင် | ၈၈မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၂၀၄၄ | ၁၀၄ | ၂၁၄၈ | ၁၃.၆၄% |
| | | ဒေါ်မြင့်မြင့်မူ | ပြည်သူ့ပါတီ | ၁၄၀၃ | ၇၈ | ၁၄၈၁ | ၉.၄၀% |
| | | ဒေါ်ပြုံးပြုံးလွင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၅၀ | ၄၁ | ၈၉၁ | ၅.၆၆% |
| | | ဒေါ်နော်လင်းသိင်္ဂီထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၃၉ | ၄၀ | ၈၇၉ | ၅.၅၈% |
| | | ဦးသူရအေး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၆၁ | ၂၅ | ၅၈၆ | ၃.၇၂% |
| ၄ | ဒလမြို့နယ် | | | ၄၆၉၂၅ | ၈၈၃၇ | ၅၅၇၆၂ | |
| | | ဒေါ်ဆွေဆွေဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၂၉၉ | ၇၇၄၄ | ၃၀၀၄၃ | ၅၃.၈၈% |
| | | ဦးစည်သူထွန်း | ၈၈မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၉၉၂၃ | ၄၅၀ | ၁၀၃၇၃ | ၁၈.၆၀% |
| | | ဦးမင်းကိုမောင် | ပြည်သူ့ပါတီ | ၄၂၁၂ | ၁၅၂ | ၄၃၆၄ | ၇.၈၃% |
| | | ဦးဗိုလ်ဇင်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၈၀၃ | ၂၃၆ | ၄၀၃၉ | ၇.၂၄% |
| | | ဦးနေမျိုးဇော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၇၈၈ | ၁၀၆ | ၂၈၉၄ | ၅.၁၉% |
| | | ဦးသက်ဖြိုးဝေ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၄၈၀ | ၉၈ | ၂၅၇၈ | ၄.၆၂% |
| | | ဦးဖြိုးငယ် | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၄၂၀ | ၅၁ | ၁၄၇၁ | ၂.၆၄% |
| ၅ | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် | | | ၅၃၁၂၄ | ၂၄၄၅ | ၅၅၅၆၉ | |
| | | ဦးဖွဲ့ရန်နိုင်(ခ)ဦးကိုကိုဇော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၆၂၇ | ၁၆၉၀ | ၂၃၃၁၇ | ၄၁.၉၆% |
| | | ဦးကျော်စွာထွန်း | ပြည်သူ့ပါတီ | ၈၀၂၆ | ၁၆၁ | ၈၁၈၇ | ၁၄.၇၃% |
| | | ဒေါ်ယမင်းသက်ဝေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၃၂၄ | ၁၆၀ | ၆၄၈၄ | ၁၁.၆၇% |
| | | ဦးသက်ဇော်(ခ)တိုနီသက်ဇော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၈၁၂ | ၁၃၆ | ၅၉၄၈ | ၁၀.၇၀% |
| | | ဦးရဲမင်းဇာဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၀၅၀ | ၈၈ | ၄၁၃၈ | ၇.၄၅% |
| | | ဒေါက်တာဖြူဖြူခိုင် | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | ၃၆၈၉ | ၁၄၉ | ၃၈၃၈ | ၆.၉၁% |
| | | ဒေါ်သိမ့်အိခိုင်(ခ)မြင့်မိုရ်သွန်းခ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၅၉၆ | ၆၁ | ၃၆၅၇ | ၆.၅၈% |
| ၆ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် | | | ၅၁၄၄၃ | ၃၆၂၈ | ၅၅၀၇၁ | |
| | | ဦးသိန်းကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၁၆၉ | ၂၆၅၃ | ၂၃၈၂၂ | ၄၃.၂၇% |
| | | ဦးကျော်အုံး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၄၀၃ | ၃၀၂ | ၇၇၀၅ | ၁၃.၉၉% |
| | | ဦးသူရဟန် | ပြည်သူ့ပါတီ | ၇၃၀၂ | ၁၇၉ | ၇၄၈၁ | ၁၃.၅၈% |
| | | ဒေါ်ဝေနှင်းသူ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၁၉၃ | ၁၆၉ | ၆၃၆၂ | ၁၁.၅၅% |
| | | ဒေါ်မေချောစုမွန် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၉၄၇ | ၁၄၇ | ၄၀၉၄ | ၇.၄၃% |
| | | ဒေါ်မို့မို့ဇင်ကို | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၂၁၉ | ၁၁၂ | ၃၃၃၁ | ၆.၀၅% |
| | | ဦးစိုးညီဝင်း | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | ၂၂၁၀ | ၆၆ | ၂၂၇၆ | ၄.၁၃% |
| ၇ | မင်္ဂလာတောင်ညွန့်မြို့နယ် | | | ၃၀၀၉၃ | ၁၈၉၂ | ၃၁၉၈၅ | |
| | | ဦးတင်ရှိန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၅၁၀ | ၁၂၆၇ | ၁၄၇၇၇ | ၄၆.၂၀% |
| | | ဦးဌေးမြင့် | ပြည်သူ့ပါတီ | ၈၈၀၀ | ၃၁၁ | ၉၁၉၁ | ၂၈.၇၄% |
| | | ဒေါ်အေးအေးမိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၆၄၂ | ၁၇၇ | ၄၈၁၉ | ၁၅.၀၆% |
| | | ဦးအောင်ခိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀၆၁ | ၁၃၇ | ၃၁၉၈ | ၁၀.၀၀% |
| ၈ | သာကေတမြို့နယ် | | | ၅၇၉၄၈ | ၄၄၆၅ | ၆၂၄၁၃ | |
| | | ဦးဌေးအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၂၅၃ | ၃၁၉၂ | ၂၅၄၄၅ | ၄၀.၇၇% |
| | | ဦးလှဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၄၄၁ | ၃၇၁ | ၈၈၁၂ | ၁၄.၁၂% |
| | | ဦးတင်ထွန်းဝင်း | တစ်သီးပုဂ္ဂလ | ၇၉၈၈ | ၃၄၉ | ၈၃၃၇ | ၁၃.၃၆% |
| | | ဦးသောင်းထိုက် | ပြည်သူ့ပါတီ | ၇၅၉၈ | ၂၁၂ | ၇၈၁၀ | ၁၂.၅၁% |
| | | ဦးကျော်မျိုးလွင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၄၈၀ | ၁၅၆ | ၆၆၃၆ | ၁၀.၆၃% |
| | | ဒေါ်သဲစုအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၁၈၈ | ၁၈၅ | ၅၃၇၃ | ၈.၆၁% |

စာမျက်နှာ ၁၀ သို့ ❍

❍ စာမျက်နှာ ၉ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၉ | မြောက်ဥက္ကလာပမြို့နယ် | | | ၇၅၉၈၆ | ၆၀၀၁ | ၈၁၉၈၇ | |
| | | ဒေါ်ဝင်းဝင်းအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၂၁၄ | ၃၁၇၇ | ၂၆၃၉၁ | ၃၂.၁၈% |
| | | ဦးသန်းထွဋ် | တစ်သီးပုဂ္ဂလ | ၁၁၁၇၀ | ၁၁၀၁ | ၁၂၂၇၁ | ၁၄.၉၇% |
| | | ဦးဝေဖြိုးအောင် | ပြည်သူ့ပါတီ | ၁၀၅၀၀ | ၃၆၁ | ၁၀၈၆၁ | ၁၃.၂၅% |
| | | ဒေါ်ရင်ရင်နု | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၆၇၃ | ၅၀၅ | ၉၁၇၈ | ၁၁.၁၉% |
| | | ဒေါ်ဝင်းဂျူလိုင်နွေး | တစ်သီးပုဂ္ဂလ | ၇၇၁၁ | ၃၂၀ | ၈၀၃၁ | ၉.၈၀% |
| | | ဦးထွန်းထွန်းအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၂၄၃ | ၂၅၅ | ၇၄၉၈ | ၉.၁၅% |
| | | ဦးသန်းထိုက်ဦး | တစ်သီးပုဂ္ဂလ | ၄၂၄၈ | ၁၈၈ | ၄၄၃၆ | ၅.၄၁% |
| | | ဦးသန့်ဇင်ဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၂၂၇ | ၉၄ | ၃၃၂၁ | ၄.၀၅% |
| ၁၀ | တာမွေမြို့နယ် | | | ၂၈၉၉၅ | ၂၄၈၄ | ၃၁၄၇၉ | |
| | | ဒေါက်တာထူးမောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၁၄၀ | ၁၇၁၈ | ၁၃၈၅၈ | ၄၄.၀၂% |
| | | ဦးထွန်းထွန်းဦး | ပြည်သူ့ပါတီ | ၄၂၃၅ | ၂၀၃ | ၄၄၃၈ | ၁၄.၁၀% |
| | | ဒေါ်ဖြူဖြူညွန့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၁၉၀ | ၂၃၉ | ၄၄၂၉ | ၁၄.၀၇% |
| | | ဦးကျော်မိုးဟန် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၉၅၉ | ၉၈ | ၃၀၅၇ | ၉.၇၁% |
| | | ဒေါ်အေးအေးမြင့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၁၆၈ | ၉၃ | ၂၂၆၁ | ၇.၁၈% |
| | | ဒေါ်အေးငွေကျော်စွာ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၇၉၆ | ၇၄ | ၁၈၇၀ | ၅.၉၄% |
| | | ဦးမောင်မောင်သန့်ဇော် | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | ၁၅၀၇ | ၅၉ | ၁၅၆၆ | ၄.၉၈% |
| ၁၁ | ရန်ကင်းမြို့နယ် | | | ၂၀၄၀၄ | ၁၅၀၃ | ၂၁၉၀၇ | |
| | | ဦးချစ်ကိုကို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၉၄၈ | ၇၄၆ | ၇၆၉၄ | ၃၅.၁၂% |
| | | ဦးမောင်မောင်လွင် | တစ်သီးပုဂ္ဂလ | ၆၃၂၀ | ၄၇၉ | ၆၇၉၉ | ၃၁.၀၄% |
| | | ဒေါ်နွယ်နွယ်ဝင်း | ပြည်သူ့ပါတီ | ၂၃၈၀ | ၇၅ | ၂၄၅၅ | ၁၁.၂၁% |
| | | ဦးမင်းသူ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၀၅၃ | ၁၁၂ | ၂၁၆၅ | ၉.၈၈% |
| | | ဦးမျိုးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၄၉၀ | ၃၈ | ၁၅၂၈ | ၆.၉၇% |
| | | ဒေါ်နေရီသန့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၁၃ | ၅၃ | ၁၂၆၆ | ၅.၇၈% |
| ၁၂ | ကျောက်တန်းမြို့နယ် | | | ၈၇၃၀၂ | ၁၀၅၀၅ | ၉၇၈၀၇ | |
| | | ဒေါ်အေးမင်းမိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၆၉၃၁ | ၇၇၂၈ | ၄၄၆၅၉ | ၄၅.၆၆% |
| | | ဦးဆန်းလွင် | ပြည်သူ့ပါတီ | ၁၂၁၃၃ | ၇၁၄ | ၁၂၈၄၇ | ၁၃.၁၄% |
| | | ဦးကျော်စွာဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၂၂၀၄ | ၄၈၉ | ၁၂၆၉၃ | ၁၂.၉၈% |
| | | ဒေါ်သက်သက်ခိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၁၂၁ | ၇၆၅ | ၁၁၈၈၆ | ၁၂.၁၅% |
| | | ဦးခင်မောင်လင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၅၉၂ | ၅၆၈ | ၁၁၁၆၀ | ၁၁.၄၁% |
| | | ဦးပိုင်သူဟိန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၃၂၁ | ၂၄၁ | ၄၅၆၂ | ၄.၆၆% |
| ၁၃ | ခရမ်းမြို့နယ် | | | ၈၅၀၁၉ | ၈၄၇၂ | ၉၃၄၉၁ | |
| | | ဦးအေးသိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၉၃၇၆ | ၆၅၄၀ | ၄၅၉၁၆ | ၄၉.၁၂% |
| | | ဦးတင်ဇော်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၇၈၈ | ၁၀၃၃ | ၁၉၈၂၁ | ၂၁.၂၀% |
| | | ဦးနိုင်ဝင်းကျော် | ပြည်သူ့ပါတီ | ၁၂၆၄၁ | ၄၃၉ | ၁၃၀၈၀ | ၁၃.၉၉% |
| | | ဦးနိုင်ထွန်းလင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၄၄၇ | ၂၂၃ | ၇၆၇၀ | ၈.၂၀% |
| | | ဦးနေလင်းထွန်း | တစ်သီးပုဂ္ဂလ | ၆၇၆၇ | ၂၃၇ | ၇၀၀၄ | ၇.၄၉% |
| ၁၄ | သုံးခွမြို့နယ် | | | ၈၇၈၈၄ | ၅၉၅၃ | ၉၃၈၃၇ | |
| | | ဒေါ်ခင်မြတ်စု | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၁၇၁ | ၄၂၆၆ | ၃၉၄၃၇ | ၄၂.၀၃% |
| | | ဦးကျော်သူရ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၂၀၄၆ | ၈၉၅ | ၂၂၉၄၁ | ၂၄.၄၅% |
| | | ဦးဇင်မိုး | ပြည်သူ့ပါတီ | ၁၁၉၃၈ | ၃၀၂ | ၁၂၂၄၀ | ၁၃.၀၄% |
| | | ဦးထက်အာကာဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၁၅၃ | ၂၀၇ | ၇၃၆၀ | ၇.၈၄% |
| | | ဦးသန့်ဇင်ထွန်း | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၉၄၅ | ၁၆၂ | ၆၁၀၇ | ၆.၅၁% |
| | | ဦးမောင်နိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၆၃၁ | ၁၂၁ | ၅၇၅၂ | ၆.၁၃% |
| ၁၅ | စမ်းချောင်းမြို့နယ် | | | ၁၆၉၄၂ | ၂၆၃၇ | ၁၉၅၇၉ | |
| | | ဦးမျိုးမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၃၅၂ | ၁၇၂၅ | ၈၀၇၇ | ၄၁.၂၆% |
| | | ဒေါ်မေခိုင်ဦး | ပြည်သူ့ပါတီ | ၃၈၂၉ | ၂၉၁ | ၄၁၂၀ | ၂၁.၀၄% |
| | | ဦးတင်စိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၆၀၃ | ၂၅၅ | ၂၈၅၈ | ၁၄.၆၀% |
| | | ဦးမောင်မောင်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၁၃၇ | ၂၀၉ | ၂၃၄၆ | ၁၁.၉၈% |
| | | ဦးသန်းထွဋ်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၀၂၁ | ၁၅၇ | ၂၁၇၈ | ၁၁.၁၂% |
| ၁၆ | လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် | | | ၄၉၇၂၂ | ၄၆၉၂ | ၅၄၄၁၄ | |
| | | ဦးမင်းမင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၄၈၀ | ၃၃၀၈ | ၁၉၇၈၈ | ၃၆.၃၇% |
| | | ဦးထက်ဝေယံ | စစမျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၁၀၀၁၉ | ၄၇၆ | ၁၀၄၉၅ | ၁၉.၂၉% |
| | | ဦးမြင့်ဇော် | ပြည်သူ့ပါတီ | ၄၆၆၈ | ၁၆၇ | ၄၈၃၅ | ၈.၈၉% |
| | | ဒေါ်နွယ်နွယ်လှိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၉၃၆ | ၁၆၃ | ၄၀၉၉ | ၇.၅၃% |
| | | ဦးနေလင်းဦး | တစ်သီးပုဂ္ဂလ | ၃၆၈၄ | ၁၃၂ | ၃၈၁၆ | ၇.၀၁% |
| | | ဦးမျိုးမျိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၅၉၅ | ၁၅၈ | ၃၇၅၃ | ၆.၉၀% |
| | | ဦးကြည်ရွှင် | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၆၃ | ၁၅၈ | ၃၅၂၁ | ၆.၄၇% |
| | | ဦးမင်းထက်နိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၅၁၉ | ၇၁ | ၂၅၉၀ | ၄.၇၆% |
| | | ဦးဇော်ဇော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၄၅၈ | ၅၉ | ၁၅၁၇ | ၂.၇၈% |
| ၁၇ | လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် | | | ၄၁၇၂၅ | ၂၅၆၅ | ၄၄၂၉၀ | |
| | | ဦးကြည်စိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၁၀၇ | ၁၈၀၃ | ၁၈၉၁၀ | ၄၂.၇၂% |
| | | ဦးစိုးထိုက် | စစမျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၇၁၄၀ | ၂၀၂ | ၇၃၄၂ | ၁၆.၅၈% |
| | | ဒေါ်သိင်္ဂီ | ပြည်သူ့ပါတီ | ၃၈၃၃ | ၉၃ | ၃၉၂၆ | ၈.၈၆% |
| | | ဦးထက်ဝေယံ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၆၇၈ | ၁၈၀ | ၃၈၅၈ | ၈.၇၁% |
| | | ဒေါ်တင်မာဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၈၈၁ | ၇၉ | ၂၉၆၀ | ၆.၆၈% |
| | | ဒေါ်ငွေးငွေးမြင့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၇၉၈ | ၇၉ | ၂၈၇၇ | ၆.၅၀% |
| | | ဦးသက်ထွေးဇော် | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၃၆ | ၇၄ | ၂၇၁၀ | ၆.၁၂% |
| | | ဦးတင်ထွန်းလှိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၆၅၂ | ၄၅ | ၁၆၉၇ | ၃.၈၃% |

စာမျက်နှာ ၁၁ သို့ ❍

○ စာမျက်နှာ ၁၀ မှ

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)

### တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၂၆၀၉၄၆ / ၁၃ = ၂၀၀၇၂

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသောကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသောကိုယ်စားလှယ် အရေအတွက် | ရရှိမည့်ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၂၆၀၉၄၆ | ၉ | | ၄ | ၁၃ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၂၂၆၅ | ၅ | ၁၁၉၀၅ | ၁ | ၆ | |
| | | ၂။ | ပြည်သူ့ပါတီ | ၅၁၂၄၆ | ၂ | ၁၁၁၀၂ | - | ၂ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၇၉၃၉ | ၁ | ၁၇၈၆၇ | ၁ | ၂ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၂၉၇၈ | ၁ | ၁၂၉၀၆ | ၁ | ၂ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၉၂၄၄ | - | ၁၉၂၄၄ | ၁ | ၁ | |
| | | ၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၂၇၄ | - | ၇၂၇၄ | - | - | |

ရှင်းလင်းချက် ။ ( ၁ ) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ် ကမာရွတ်၊ ကျောက်တံတား၊ မရမ်းကုန်း၊ အလုံ၊ ဗဟန်း၊ ပန်းဘဲတန်း၊ လသာ၊ လှိုင်၊ ကြည့်မြင်တိုင်မြို့နယ်မဲဆန္ဒနယ်များနှင့် ၁-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၈/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ဒဂုံ၊ လမ်းမတော်၊ မြောက်ဥက္ကလာပ၊ စမ်းချောင်းမြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

### တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၄၈၂၈၅ / ၈ = ၄၃၅၃၅

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့်ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၂ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၃၄၈၂၈၅ | ၅ | | ၃ | ၈ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၆၄၅၅ | ၃ | ၁၅၈၅၀ | - | ၃ | |
| | | ၂။ | ပြည်သူ့ပါတီ | ၅၅၇၁၀ | ၁ | ၁၂၁၇၅ | - | ၁ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၇၄၇၀ | ၁ | ၃၉၃၅ | - | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၉၇၁၂ | - | ၃၉၇၁၂ | ၁ | ၁ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၇၀၁၀ | - | ၂၇၀၁၀ | ၁ | ၁ | |
| | | ၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၄၂၄၈ | - | ၂၄၂၄၈ | ၁ | ၁ | |
| | | ၇။ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | ၇၆၈၀ | - | ၇၆၈၀ | - | - | |

ရှင်းလင်းချက်။ ( ၁ ) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ သဃ်န်းကျွန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ တောင်ဥက္ကလာပမြို့နယ် မဲဆန္ဒနယ်များနှင့် ၁-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၈/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ တာမွေ၊ ရန်ကင်းမြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

### တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၄၇၄၉၂၈ / ၈ = ၅၉၃၆၆

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့်ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၃ | PR မဲဆန္ဒနယ်အမှတ်(၃) | | | ၄၇၄၉၂၈ | ၄ | | ၄ | ၈ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၇၄၈၇ | ၃ | ၂၉၃၈၉ | ၁ | ၄ | |
| | | ၂။ | ၈၈မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၉၂၂၂၇ | ၁ | ၃၂၈၆၁ | ၁ | ၂ | |
| | | ၃။ | ပြည်သူ့ပါတီ | ၄၂၁၃၅ | - | ၄၂၁၃၅ | ၁ | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၆၅၃၉ | - | ၃၆၅၃၉ | ၁ | ၁ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၇၃၅၀ | - | ၂၇၃၅၀ | - | - | |
| | | ၆။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၆၈၉၀ | - | ၂၆၈၉၀ | - | - | |
| | | ၇။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၁၂၂၆ | - | ၂၁၂၂၆ | - | - | |
| | | ၈။ | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၈၃၃ | - | ၁၁၈၃၃ | - | - | |
| | | ၉။ | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၂၄၁ | - | ၉၂၄၁ | - | - | |

ရှင်းလင်းချက်။ ( ၁ )၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ အင်းစိန်မြို့နယ်မဲဆန္ဒနယ်များနှင့် ၁-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၈/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ဆိပ်ကြီး/ခနောင်တို၊ ဒလ၊ လှိုင်သာယာ(အနောက်ပိုင်း)၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

စာမျက်နှာ ၁၂ သို့ ○

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် နည်းပညာတက္ကသိုလ်(မန္တလေး)နှင့် မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်တို့အား ကြည့်ရှုစစ်ဆေး



နေပြည်တော် ဖေဖော်ဝါရီ ၁

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(မန္တလေး)၌ စာသင်ဆောင်များ၏ ပြုပြင်ပြီးစီးမှု အခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လက်တွေ့ခန်းများ၊ အလုပ်ရုံ၊ စာကြည့်တိုက်၊ အားကစားခန်းမနှင့် ကျောင်းသားကျောင်းသူအဆောင်များကို လည်းကောင်း၊ ဘောလုံးကွင်းတည်ဆောက်ရန် လျာထားမြေနေရာကိုလည်းကောင်း သွားရောက်စစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်သို့ ရောက်ရှိကာ ပင်မဆောင်နှင့် စာသင်ဆောင်များ ပြုပြင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်များ၏ ဥပဓိရုပ်ကောင်းမွန်စေရေး၊ စိမ်းလန်းစိုပြည် သန့်ရှင်းသာယာလှပစေရေး၊ ဗလငါးတန်နှင့် ပြည့်စုံသည့် အရည်အချင်းပြည့်ဝသော နိုင်ငံတော်ကိုအကျိုးပြုနိုင်မည့် ပညာရှင်များ မွေးထုတ်နိုင်ရေး၊ သုတေသန ဆောင်ရွက်နေမှုနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို မှာကြားပြီး ဆရာ ဆရာမ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပြင်ဦးလွင်မြို့ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး)ရှိ ကျောင်းသူအဆောင် ဆောက်လုပ်မည့်မြေနေရာ၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများအတွက် အိမ်ရာဆောက်လုပ်မည့် မြေနေရာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လက်တွေ့ခန်းများနှင့် အလုပ်ရုံများ၌ ကျောင်းသား ကျောင်းသူများ၏ သက်ဆိုင်ရာဘာသာရပ်အလိုက် ခင်းကျင်းပြသထားသော သုတေသနပရောဂျက်များကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက ဘက်စုံထူးချွန်သော အင်ဂျင်နီယာ ပညာရှင်များနှင့် ဆန်းသစ်တီထွင်သော သုတေသီများဖြစ်အောင် ရည်မှန်းဆောင်ရွက်သွားရေး၊ လက်တွေ့ခန်းသုံးပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများကို စနစ်တကျအသုံးချရေးတို့နှင့် စပ်လျဉ်း၍ မှာကြားကာ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မီးဘေးကြိုတင်ကာကွယ်ရေး မီးငြှိမ်းသတ်နည်းသရုပ်ပြ

ပွင့်ဖြူ ဖေဖော်ဝါရီ ၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ပွင့်ဖြူမြို့ မြို့မစည်ပင်သာယာဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်နည်း သရုပ်ပြသခြင်းကို ဇန်နဝါရီ ၂၉ ရက်က ဆောင်ရွက်ခဲ့သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲလင်းနောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပွင့်ဖြူမြို့ မြို့မဈေးကြီး၌ ဈေးသူ ဈေးသားများ မီးဘေးအန္တရာယ်တွေ့ကြုံပါက မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြှိမ်းသတ်နည်းများနှင့် မီးငြှိမ်းသတ်ယာဉ် အသုံးပြုပြီး မီးငြှိမ်းသတ်နည်းများကို ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



## မကွေးမြို့၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲ ကျင်းပ

မကွေး ဖေဖော်ဝါရီ ၁

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မကွေးမြို့ မြသလွန်စေတီတော် ဘုရားပွဲတော်ကွင်းပြင်၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



### ကြည့်ရှုအားပေး

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်း ၁၃ သင်း၏ တပျော်တပါး ထမနဲထိုးယှဉ်ပြိုင်နေမှုနှင့် ပြိုင်ပွဲဝင်အသင်းကိုယ်စားပြု အကအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ထမနဲထိုးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ စတုတ္ထဆုနှင့် နှစ်သိမ့်ဆုရရှိသော ပြိုင်ပွဲဝင်အသင်းများအား ဆုငွေများ ပေးအပ်ချီးမြှင့်ကာ ဗလာမပါ ကံစမ်းမဲများ ဖွင့်ဖောက်ပေးကြသည်။

ညပိုင်းတွင် မီးပုံးပျံလွှတ်တင်ပွဲကို ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဧည့်ပရိသတ်များနှင့်အတူ စိန်နားပန်မီးပုံးပျံ လေးလုံး၊ ညမီးကြီးမီးပုံးပျံ တစ်လုံးနှင့် မီးပုံးပျံငယ် ၃၀၀ တို့ကို မီးထွန်းညှိ၍ လွှတ်တင်ပေးခဲ့ကြကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

❍ စာမျက်နှာ ၁၁ မှ

## တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)
## နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၅၂၄၈၇၇ / ၁၀ = ၅၂၄၈၇

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲ အရေအတွက် | အခြေခံမဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့်ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၄ | PR မဲဆန္ဒနယ်အမှတ်(၄) | | | ၅၂၄၈၇၇ | ၇ | | ၃ | ၁၀ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၇၄၄၀ | ၄ | ၃၇၄၅၂ | ၁ | ၅ | |
| | | ၂။ | ပြည်သူ့ပါတီ | ၈၂၂၇၂ | ၁ | ၂၉၇၇၅ | ၁ | ၂ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၆၆၆၀ | ၁ | ၁၄၁၆၃ | - | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၀၀၆၈ | ၁ | ၇၅၇၁ | - | ၁ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၃၆၅၂ | - | ၄၃၆၅၂ | ၁ | ၁ | |
| | | ၆။ | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၃၂၃ | - | ၂၀၃၂၃ | - | - | |
| | | ၇။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၅၆၂ | - | ၄၅၆၂ | - | - | |

ရှင်းလင်းချက်။ (၁) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ဗိုလ်တထောင်၊ သန်လျင် ဒေါပုံ၊ ပုဇွန်တောင်၊ ကိုကိုးကျွန်း မြို့နယ်မဲဆန္ဒနယ်များနှင့် ၁-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၈/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မင်္ဂလာတောင်ညွန့်၊ သာကေတ၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ မြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် ခိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

# ရွှေပြည်သာမြို့နယ် ကမ်းသာယာလမ်းဆုံအနီး ၆၆ ကေဗွီ လှော်ကား - ရွာမ(သံမဏိ) ဓာတ်အားလိုင်း ပြောင်းရွှေ့တည်ဆောက်



**နေပြည်တော် ဖေဖော်ဝါရီ ၁**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ် လျှပ်စစ်မန်နေဂျာများ၊ လျှပ်စစ်အင်ဂျင်နီယာများ၊ ဘဏ္ဍာရေးမှူးများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှုဆောင်အရာရှိချုပ်နှင့် ဌာနကြီးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ် လျှပ်စစ်မန်နေဂျာများ၊ လျှပ်စစ်အင်ဂျင်နီယာများနှင့် ဘဏ္ဍာရေးမှူးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ဦးစီးဌာန၊ လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ တိုးတက်သုံးစွဲလာမည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် ဓာတ်အားထုတ်လုပ်မှုကို တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်ခဲ့ရာ ၅၀၀ မဂ္ဂါဝပ် LNG ဓာတ်အားပေးစက်ရုံစီမံကိန်းကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သဖြင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှစ၍ ၎င်းစက်ရုံမှ ဓာတ်အား မဂ္ဂါဝပ် ၅၀၀ ကို စတင်ဖြည့်တင်းပေးနိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ယခုအခါ တစ်ရက်လျှင် စုစုပေါင်း ၃၄၀၀ မဂ္ဂါဝပ်(၆၀၀၀၀ မဂ္ဂါဝပ်နာရီ)အထိ ထုတ်လုပ်ရရှိနေပြီဖြစ်ရာ ဝန်အားမျှဝေ၍ အလှည့်ကျစနစ်ဖြင့်ပေးခြင်းကို ရပ်ဆိုင်းကာ တတ်နိုင်သမျှ အချိန်ပြည့်ဓာတ်အားဖြန့်ဖြူးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လျှပ်စစ်ဓာတ်အား ပို့လွှတ်မှုနှင့် ဖြန့်ဖြူးမှုအပိုင်းတွင် တည်ငြိမ်ပြည့်ဝသည့် ဓာတ်အားစနစ်ရရှိရေးတို့ကို ဟန်ချက်ညီ တိုးတက်ကောင်းမွန်စေရန် စီမံဆောင်ရွက်မှုများအပေါ် အားလုံးတက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ခွဲဝေရရှိသည့် ဘဏ္ဍာငွေကို စနစ်တကျ စိစစ်သုံးစွဲ၍ ဘဏ္ဍာရေးနှစ်အတွင်း သတ်မှတ်သည့် လုပ်ငန်းများ ပြီးပြတ်စေရေး အလေးထား ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဓာတ်အားခ ပြောင်းလဲမှုများတွင် ပြည်သူလူထုသုံးစွဲနေသော အိမ်သုံးမီတာခများအနေဖြင့် ပြောင်းလဲမှုမရှိဘဲ ယခင်နှုန်းထား အတိုင်းသာဖြစ်ပြီး ယခင်စက်မှုလုပ်ငန်းများတွင် သုံးစွဲခဲ့သည့် ဓာတ်အားများကို ပြည်သူလူထုမှ ပိုမို သုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဓာတ်အားခကောက်ခံရာတွင်လည်း ရရှိသင့်သော နိုင်ငံတော်၏ ဘဏ္ဍာငွေကို အလေအလွင့်မရှိစေရေး၊ အလွဲသုံးစားမှုများ မဖြစ်ပေါ်စေရေးနှင့် ဓာတ်အားခ ကြွေးကျန်များကို ရာနှုန်းပြည့် ကောက်ခံရရှိရေး တွန်းအားပေး ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ ရွှေပြည်သာမြို့နယ်သို့ ရောက်ရှိပြီး အမှတ်(၄)လမ်းမကို (၈)လမ်းသွားလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်တိုးချဲ့ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းနယ်နှင့် မလွတ်ကင်းသော ဓာတ်အားလိုင်းများအားလမ်းမကြီးနှင့် လွတ်ကင်းရာသို့ ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှု၊ ကမ်းသာယာလမ်းဆုံအနီး ၆၆ ကေဗွီ လှော်ကား- ရွာမ (သံမဏိ) ဓာတ်အားလိုင်း ပြောင်းရွှေ့ တည်ဆောက်ခြင်း အပြီးသတ်လုပ်ငန်း ဆောင်ရွက်နေမှု၊ အမှတ်(၄) လမ်းမကြီး လမ်းလယ်ကျွန်းများပေါ်တွင် လမ်းမီးများ ထွန်းညှိနိုင်ရေးအတွက် လမ်းမီးတိုင်များ စိုက်ထူပြီးစီးနေမှုနှင့် စိုက်ထူရန် ကျန်ရှိသည့် လမ်းမီးတိုင်များ စိုက်ထူနိုင်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့သို့ ရောက်ရှိပြီး မြို့ရှောင်ရထားလမ်း ဖောက်လုပ်ရာတွင် လွတ်ကင်းမှုမရှိသည့် ၂၃၀ ကေဗွီ ဘီလူးချောင်း(၂) - တောင်ငူ ဓာတ်အားလိုင်း ပြောင်းရွှေ့တည်ဆောက်နိုင်ရန် တာဝါတိုင် ဖောင်ဒေးရှင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှု အခြေအနေနှင့် တာဝါတိုင်များ စိုက်ထူနိုင်ရန် တိုင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

တောင်ငူမြို့ရှောင် ရထားလမ်းသစ် ဖြတ်ကျော်နေရာတွင် တည်ရှိနေသည့် ၂၃၀ ကေဗွီ ဘီလူးချောင်း (၂) - တောင်ငူဓာတ်အားလိုင်းအား တာဝါတိုင် ကိုးတိုင်ဖြင့် လိုင်းအူကြောင်း ပြောင်းရွှေ့တည်ဆောက်လျက်ရှိပြီး လက်ရှိအချိန်တွင် လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအနေဖြင့် ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



**ပြည် ဖေဖော်ဝါရီ ၁**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့မွန်းလွဲပိုင်းက ပြည်မြို့အား ခရီးသွားမြို့တော်တစ်ခုအဖြစ် ဘက်စုံအဆင့်မြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်သည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ပြည်မြို့ ဆံတော်ရပ်ကွက်ရှိ မြောက်စောင်းတန်းလမ်းနှင့် ပြည်မြို့တွင်းရှိ ရန်ကုန် - ပြည် ကားလမ်းပိုင်း လမ်းချဲ့ခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ပလက်ဖောင်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လမ်းများအလိုက် လမ်းဧရိယာများ အများပြည်သူ သိရှိနိုင်ရေး သတ်မှတ်ထားရန်၊ လျှပ်စစ်မီးတိုင်နှင့် ဖုန်းတိုင်များ ကြိုတင်ပြောင်းရွှေ့ထားရန်နှင့် လမ်းဧရိယာအတွင်း ကျူးကျော်မှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့နယ်ရှိ လျှင်ကြောင့် ပြိုကျပျက်စီးခဲ့သည့် သုံးပန်လှအုတ်ကျောင်းတော်ကြီး အသစ်ပြန်လည်ပြုပြင်မှုကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်မြို့နယ် ငါးရွာကျေးရွာအုပ်စု၌ သဘာဝရွက်ဖျန်းမြေဩဇာဖြင့် နေကြာသီးနှံနှင့် မတ်ပဲသီးနှံစမ်းသပ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ သဘာဝရွက်ဖျန်းမြေဩဇာအတွက် အဓိကကျသည့် နွားမွေးမြူရေးလုပ်ငန်းများ တိုးချဲ့မွေးမြူရန်နှင့် မေထုန်မဲ့ သားစပ်နည်းဖြင့် မျိုးမြှင့်တင်ပေးသွားရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့နယ် မြရွာကျေးရွာအုပ်စု၌ ကြံလမိုင်းဖြတ်ကိရိယာဖြင့် တောင်သူနည်းပညာပေးသရုပ်ပြသနေမှုကို ကြည့်ရှုပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ကြံသီးနှံအထွက်တိုးရေးအတွက် ကြံခုတ်နည်းစနစ်သည် အရေးပါသည့်အတွက် ကြံသီးနှံစိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်းနှင့် ခုတ်သိမ်းခြင်းစသည့် နည်းစနစ်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။ ထို့နောက် ပြည်မြို့ နဝင်းကွက်သစ်ရပ်ကွက်ရှိ ဦးဆန်းမင်းထွဋ်၏ Sun Power ဖျော်ရည်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးပြီး ပြည်ပသွင်းကုန် အစားထိုးအဆင့်အထိ တိုးမြှင့်ဆောင်ရွက်ရန်၊ သဘာဝသစ်သီးများဖြင့် တီထွင်ဆန်းသစ်ထုတ်လုပ်ရန်နှင့် ထုပ်ပိုးမှုပုံစံများ အဆင့်မြှင့်တင်ရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



**ရောဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၌ ဇန်နဝါရီ ၂၈ ရက်က ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်မျိုးဝင်း ဦးဆောင်သော သန္တေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။** မိုးဟိန်းထက်

# ပေါက်ခေါင်းမြို့နယ်၌ ကြံစိုက်တောင်သူများအား နည်းပညာပေးဆွေးနွေး

**ပေါက်ခေါင်း ဖေဖော်ဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် ကြံသီးနှံစိုက်ဧကအားလုံး ပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန်ရေးအတွက် နည်းပညာပေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၃၁ ရက်က အင်ငါးခွကျေးရွာအုပ်စု၌ ကျင်းပသည်။

**နည်းပညာပေးဆွေးနွေး**

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးရုံးမှ ဦးစီးအရာရှိ ဒေါ်ဇာဇာထွန်း



ဦးဆောင်သော ပညာရှင်အဖွဲ့နှင့် ပြည်ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံဦးမင်းဇော်ဦး ဦးဆောင်သော ပညာရှင်အဖွဲ့တို့က ပေါက်ခေါင်းမြို့နယ်မှ ကြံစိုက်တောင်သူကြီးများ၊ ကြံခုတ်သည့် အလုပ်သမားများကို ကြံသီးနှံစိုက်ဧကအားလုံး ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရေးအတွက် ကြံခုတ်သိမ်းနည်းစနစ်မှန်ကန်စွာ ဆောင်ရွက်နိုင်ရေး၊ ကြံခုတ်သိမ်းမှု ကျွမ်းကျင်လုပ်သားများ ဖြစ်ပေါ်လာစေရေးနှင့် လမိုင်းအထူး အထွက်တိုးရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များကို နည်းပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ဌာနဆိုင်ရာရုံးများ၌ ဝန်ထမ်းများ စုပေါင်းထမနဲထိုးနေမှု ကြည့်ရှုအားပေး

**စစ်တွေ ဖေဖော်ဝါရီ ၁**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် တပို့တွဲလ စုပေါင်းထမနဲထိုးပွဲကို ယမန်နေ့ ညနေပိုင်းက စစ်တွေမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီးတို့သည် ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ် မီးသတ်ဦးစီးဌာနသို့ သွားရောက်ပြီး ဝန်ထမ်းများ ပျော်ပျော်ပါးပါး စုပေါင်းထမနဲထိုးနေမှုကို ကြည့်ရှုအားပေးကာ ပြည်နယ်ဝန်ကြီးချုပ်က တပို့တွဲလထမနဲထိုးပွဲဟုဆိုသည့်အတိုင်း တပို့တွဲလတွင် ထမနဲသည် ရာသီစာဖြစ်၍ ယခုကဲ့သို့ပြုလုပ်၍ ရရှိလာသောထမနဲများကို တပို့တွဲလပြည့်နေ့တွင် မြန်မာတို့၏ ထုံးတမ်းစဉ်လာအတိုင်း မြတ်စွာဘုရားအား ဦးဦးဖျားဖျားကပ်လှူပူဇော်ကြရန်၊ သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြရန်၊ ဘိုးဘွား ဆရာသမားများနှင့် အိမ်နီးနားချင်းများ၊ မိတ်ဆွေ အပေါင်းအသင်းများအား လှူဒါန်းဝေငှကျွေးမွေးကြရန်၊ တစ်ဦးနှင့်တစ်ဦး ပိုမိုစည်းလုံးညီညွတ်စွာ အချင်းချင်းရိုင်းပင်းကူညီစိတ်၊ ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်များ ရှင်သန်စေရန်အတွက် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ်လမ်းဦးစီးဌာနရုံး၊ ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရုံး၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးတို့တွင် ရုံးများအလိုက် ဝန်ထမ်းများ ပျော်ပျော်ပါးပါး စုပေါင်းထမနဲထိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ဒဂုံမြို့သစ်မြို့နယ်၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကို ယမန်နေ့နံနက်ပိုင်းက ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

**ဖွင့်လှစ်**

ကျောင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဒဂုံမြို့သစ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကို၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဥမ္မာချို၊ ခရိုင်/မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။



ဆက်လက်၍ ဒဂုံမြို့သစ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်ပြပွဲနှင့် လှပသာယာပြည်မြန်မာ ဓာတ်ပုံပြခန်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပညာပေးပြခန်း၊ ကြက်ခြေနီတပ်ဖွဲ့၏ ပညာပေးပြခန်းများ၊ မြန်မာ့ရိုးရာသနပ်ခါးပြခန်း၊ မီးသတ်တပ်ဖွဲ့ ပညာပေးပြခန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန ပညာပေးပြခန်းများ၊ ယာဉ်ထိန်းရဲ ပညာပေးပြခန်းများ၊ စာအုပ်စာစောင်ပြခန်းများ၊ ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ ဉာဏ်စွမ်းရည်ပြိုင်ပွဲများ၊ စာပေစကားဝိုင်း ဆွေးနွေးပွဲ၊ ပျော်ရွှင်ဖွယ်ရာ ဂိမ်းကစားနည်းပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများနှင့် စာအုပ်အရောင်းဆိုင်မှ စာအုပ်ရောင်းချနေမှုများကို လှည့်လည် ကြည့်ရှုအားပေးသည်။

ထို့နောက် ပွဲတော်လာ ကျောင်းသား လူငယ်များအား စာရေးဆရာ (မောင်ငြိမ်)က စာဖတ်ခြင်း၏ အကျိုးကျေးဇူး အကြောင်း ဟောပြောပြီး ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။ ထို့နောက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပွဲတော်တွင် စာပေစကားဝိုင်း၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဉာဏ်စွမ်းပဟေဠိ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စိတ်ကြိုက်ပန်းချီ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသည့်ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး (ပြန်/ဆက်)**




# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ မြို့နယ်လုံးဆိုင်ရာ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် ပညာရေးမှူးရုံး၏ ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် မြို့နယ်လုံးဆိုင်ရာ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက စုပေါင်းရုံးမြို့နယ် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးကြည်ထွန်းက မြို့နယ်လုံးဆိုင်ရာ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်နှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် တစ်မြို့နယ်လုံးရှိကျောင်းများမှ ဘက်စုံထူးချွန်ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးကြပြီး ထက်၊ လယ်၊ မူ ကျောင်းသား ကျောင်းသူများက ကျောင်းအလိုက် ကပြသီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြောင်းမြမြို့၌ မျိုးစေ့ထုပ်နှင့် Rice Export Zone ဖော်ဆောင်ရေး တောင်သူများနှင့်တွေ့ဆုံဆွေးနွေး

**မြောင်းမြ ဖေဖော်ဝါရီ ၁**

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြမြို့တွင် မျိုးစေ့ထုပ်နှင့် Rice Export Zone အကောင်အထည်ဖော်ဆောင်ရေး တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရွှေဝါခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်ငွေးမြင့်က Rice Export Zone အကြောင်း၊ မြန်မာနိုင်ငံ မျိုးစေ့အသင်း အမှုဆောင် ဒေါ်အတာမေက မျိုးစေ့ထုပ်အကြောင်းနှင့် Si Pwar Trading Co.,Ltd. မှ Managing Director နော်ခင်ခင်က Rice Export Zone ဖော်ဆောင်မည့် အခြေအနေများကို ဆွေးနွေးသည်။



ထို့နောက် တောင်သူများ၏ မေးမြန်းချက်များအား သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။ **ဇေယျာ(မြောင်းမြ)**

# ပဲခူးမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ ပြိုင်ပွဲများနှင့် နံရံကပ်စာစောင်ပြသခြင်းကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက ပဲခူးခရိုင် လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချစ်ချစ်သန်းက လူငယ်များ စာဖတ်သင့်သည့် အဓိက အကြောင်းရင်းများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ပဲခူးမြို့ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) (မြို့တွင်းကြီး)မှ ကျောင်းသား ကျောင်းသူ ၂၅ ဦးတို့က ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။



ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ/ရသ စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**စည်းလုံးချစ်ကြည် မြဲခိုင်ကျည် ပေါင်းစုညီညာ ပြည်သာယာ**

# နိုင်ငံတစ်ဝန်း၌ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းသောအားဖြင့် ထမနဲထိုးပြိုင်ပွဲများ ကျင်းပမှုမြင်ကွင်း


ပြင်ဦးလွင်မြို့၌ ထမနဲထိုးပြိုင်ပွဲကျင်းပမှုကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)


နေပြည်တော် ဘောဂသီရိကားဝင်းရှိ အဝေးပြေးရုံးရှေ့၌ ထမနဲထိုးပြိုင်ပွဲကျင်းပမှုကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)


ကျုံပျော်မြို့နယ်၌ ထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်စဉ်။ မြို့နယ်(ပြန်/ဆက်)



ပခုက္ကူမြို့နယ်၌ ထမနဲထိုးပြိုင်ပွဲကျင်းပမှုကို တွေ့ရစဉ်။ ဘာမီသာ(ပခုက္ကူ)


လပွတ္တာမြို့နယ်၌ ထမနဲထိုးပြိုင်ပွဲကျင်းပမှုကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)


မရမ်းကုန်းမြို့နယ်၌ ထမနဲထိုးပြိုင်ပွဲကျင်းပမှုကို တွေ့ရစဉ်။ ဝေယံ(ပြန်/ဆက်)



ပေါင်းတည်မြို့နယ်၌ ထမနဲထိုးပြိုင်ပွဲကျင်းပမှုကို တွေ့ရစဉ်။ ရွှေသား(IPRD)


တိုက်ကြီးမြို့နယ်၌ ထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုပေးအပ်ချီးမြှင့်စဉ်။ မြို့နယ်(ပြန်/ဆက်)

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၂၉ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အားကစားခန်းမ၌ ကျင်းပသည်။



ဦးစွာ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေယမင်းဦးက အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းမူက ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေး အသိပညာပေး အကြောင်းအရာများ ဟောပြောသည်။ ဆက်လက်၍ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးခင်ဇော်အောင်က သဘာဝ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းရေးဆိုင်ရာ အသိပညာပေး ဟောပြောသည်။

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အခြေခံပညာအထက်တန်းကျောင်းအမှတ်(၁)မှ ကျောင်းသားကျောင်းသူများအား အချိုရည်နှင့် မုန့်များ ပေးဝေခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သာစည်မြို့နယ်၌ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

သာစည် ဖေဖော်ဝါရီ ၁

မန္တလေးတိုင်း ဒေသကြီး သာစည်မြို့နယ် ဟင်းခွတ်အိုင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ ကျောင်းဆောင်သစ် အဆောက်အအုံရှေ့၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် ကော်မတီဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးလှထွန်းနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမြတ်သူနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ် ပညာရေးမှူးက ကျောင်းဆောင်သစ်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီးက ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်ပြီး ကျောင်းအကျိုးတော်ဆောင် ဦးရဲလွင်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ကျောင်းဆောင်သစ်အား တာဝန်ယူဆောက်လုပ်ခဲ့သော ရွှိုင်ရယ်မြ ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းမိုးက မြို့နယ်ပညာရေးမှူးထံ ပေးအပ်သည်။ ကျောင်းဆောင်သစ်ကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဌာန ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အလျားပေ ၁၁၀၊ အနံပေ ၃၀ အာရ်စီနှစ်ထပ် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ မြန်မာစာဘာသာရပ် သိကောင်းစရာ

ဒေါက်တာလွင်မာဦး၊ ပါမောက္ခ(ဌာနမှူး)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ယခုပို့ချချက်သည် ၂၀၂၆ ခုနှစ် မတ်လ၌ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများဖြစ်ပါသည်။ ပို့ချရခြင်း၏ ရည်ရွယ်ချက်မှာ ပြဋ္ဌာန်းစာများကို လေ့လာကျက်မှတ်ရာတွင် အဆင်ပြေချောမွေ့ပြီး စာမေးပွဲကို ထူးချွန်ပေါက်မြောက်စွာ ဖြေဆိုနိုင်ရန် ဖြစ်ပါသည်။ ယခု သင်ရိုးသည် ကျောင်းသား ကျောင်းသူများ လက်တွေ့ဘဝတွင် ထိရောက်စွာအသုံးပြုနိုင်ရန် မြန်မာဘာသာစကား၏ စွမ်းရည်လေးရပ်ဖြစ်သော အပြောအဆိုစွမ်းရည်၊ အနာအကြား စွမ်းရည်၊ အဖတ်အရွတ်စွမ်းရည်၊ အရေးအသားစွမ်းရည်တို့ စနစ်တကျမြင့်မားတိုးတက်လာစေရန် ရည်ရွယ်ပြီး သင်ကြားခြင်းဖြစ်ပါသည်။ ယခုပို့ချချက်တွင် မေးခွန်းပုံစံနှင့် လိုက်လျောညီစွာ အံ့ဝင်ခွင်ကျ ဖြေဆိုနိုင်ရေးအတွက် ဆွေးနွေးတင်ပြမည်ဖြစ်ပါသည်။

မြန်မာစာဘာသာရပ်ကို လေ့လာရာတွင် တွေးခေါ်စဉ်းစားသည့် အလေ့အထနှင့် စာရေးသားသည့် အလေ့အကျင့်များ ရရှိစေရန်အတွက် စာပေနှင့်ဘာသာစကားကို သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်ပါသည်။ ထိုသို့ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများသည် မှတ်မိခြင်း၊ နားလည်ခြင်း၊ အသုံးချခြင်း၊ စိတ်ပိုင်းခြားခြင်း၊ အကဲဖြတ်ခြင်း၊ တီထွင်ဖန်တီးခြင်းဟူသော အဆင့်များကို တိုးတက်ရရှိလာကာ အဆင့်မြင့် စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

**ပြဋ္ဌာန်းစာနှင့် မေးခွန်းဖွဲ့စည်းမှု**

ဒွါဒသမတန်း ( တက္ကသိုလ်ဝင်တန်း ) မြန်မာစာဘာသာရပ်အတွက် သတ်မှတ်ပြဋ္ဌာန်းထားသော ကျောင်းသုံးစာအုပ်တွင် အပိုင်း (၃) ပိုင်း ပါဝင်ပါသည်။ ထိုအပိုင်း(၃)ပိုင်းမှာ အပြောသင်ခန်းစာ၊ အဖတ်အရွတ်သင်ခန်းစာနှင့် အရေးသင်ခန်းစာတို့ ဖြစ်ပါသည်။

မြန်မာစာမေးခွန်းတွင် မေးခွန်းကြီး(၇)ပုဒ် ပါဝင်ပါသည်။ ဓမ္မဓိဋ္ဌာန်မေးခွန်းကြီး (၁)ပုဒ်၊ မေးခွန်းတိုများ ပါဝင်သည့် မေးခွန်းကြီး (၁)ပုဒ်၊ ကဗျာမေးခွန်းရှည် (၁)ပုဒ်၊ စကားပြေမေးခွန်းရှည်ကြီး (၁)ပုဒ်၊ ရေသည်ပြဇာတ်မေးခွန်းရှည်ကြီး (၁)ပုဒ်၊ စာစီစာကုံး မေးခွန်းကြီး (၁)ပုဒ်နှင့် အဆိုဆွေးနွေးချက်ပါဝင်သည့် မေးခွန်းရှည်ကြီး(၁) ပုဒ် စုစုပေါင်း (၇) ပုဒ် ဖြစ်ပါသည်။ အချို့မေးခွန်းများတွင် ရွေးချယ်စရာ မေးခွန်းများလည်း ပါဝင်ပါသည်။

**မေးခွန်းတစ်ပုဒ်ချင်း ရှင်းလင်းချက်**

**မေးခွန်းနံပါတ်(၁)**

တက္ကသိုလ်ဝင်တန်း မြန်မာစာမေးခွန်းလွှာတွင် မေးခွန်းနံပါတ်(၁)သည် ဓမ္မဓိဋ္ဌာန်မေးခွန်း ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများသည် သင်ခန်းစာများကို အမှန်တကယ် နားလည်သဘောပေါက်ခြင်း ရှိ၊ မရှိ၊ ကျေညက်ခြင်း ရှိ၊ မရှိ တို့ကို ဆန်းစစ်ကြည့်နိုင်သည့် မေးခွန်းမျိုး ဖြစ်ပါသည်။ တကယ်နားလည်သဘောပေါက်ပြီး ကျေညက်ခြင်းရှိပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းပုံစံပင် ဖြစ်ပါသည်။

ဤဓမ္မဓိဋ္ဌာန်မေးခွန်းတွင် ပုဒ်ခွဲ(က)၊ ပုဒ်ခွဲ(ခ)နှင့် ပုဒ်ခွဲ(ဂ) ဟူ၍ အပိုင်းသုံးပိုင်း ပါဝင်ပါသည်။ ယင်းအပိုင်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများမှ ဓမ္မဓိဋ္ဌာန်မေးခွန်းများ ပါဝင်ပါသည်။

မေးခွန်း ၁(က)တွင် မှား၊ မှန်ရွေးသည့် မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများ ပါဝင်ပြီး ပေးမှတ်မှာ (၁၀) မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုး ဖြစ်ပါသည်။

**နမူနာ**

၁။ (က) အောက်ပါတို့ကို မှားလျှင်(မှား)၊ မှန်လျှင်(မှန်) ဟု ဖြေဆိုပါ။

၁။ မည်သည့်ဘာသာစကားတွင်မဆို အသံအနိမ့်အမြင့်သည် အတိမ်းအစောင်းမခံနိုင်သော သဘောတရားတစ်ရပ် ဖြစ်ပါသည်။

မေးခွန်း ၁(ခ)တွင် ကွက်လပ်ဖြည့်သည့်မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ် သင်ခန်းစာများနှင့် အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုး ဖြစ်ပါသည်။

**နမူနာ**

၁။ (ခ) အောက်ပါတို့ကို ကွက်လပ်ဖြည့်ပါ။

(၁) ဦးဖေမောင်တင် အတ္ထုပ္ပတ္တိသည် မင်းယုဝေ၏ __________စာအုပ်မှ ရွေးချယ်ချက်ဖြစ်သည်။

မေးခွန်း ၁(ဂ)တွင် ပေးထားသည့် ရွေးချယ်စရာ သုံးခုထဲမှ အမှန်တစ်ခုကို ရွေးချယ်ရသည့် မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ် သင်ခန်းစာများ၊ အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၁။ (ဂ) အောက်ပါတို့မှ အဖြေမှန်ကိုရွေးပါ။

(၁) ဝတ္ထုဇာတ်လမ်းများကို ရေးရာ၌ ________နည်းကို အသုံးပြုတတ်ကြပါသည်။

(က) အစိတ်အပိုင်းစဉ် (ခ) ယုတ္တိစဉ် (ဂ) ကာလစဉ်

ကျောင်းသား ကျောင်းသူများသည် အပိုင်းတစ်ပိုင်းကို ချန်လှပ်ကျက်မှတ်ခြင်းမျိုး မပြုလုပ်သင့်ဘဲ ပြဋ္ဌာန်းစာ၏ အပိုင်းသုံးပိုင်းစလုံးကို လေ့လာထားရပါမည်။ သက်ဆိုင်ရာ သင်ခန်းစာနှင့်ပတ်သက်၍ စေ့စေ့စပ်စပ်သေသေချာချာ လေ့လာကျက်မှတ်ထားရန် လိုအပ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**

မေးခွန်းနံပါတ် (၂)တွင် (မေးခွန်းပုဒ်ခွဲ လေးပုဒ်ပါဝင်ပြီး) ၂(က)သည် ခက်ဆစ်မေးခွန်း၊ ၂(ခ)သည် အလင်္ကာမေးခွန်း၊ ၂(ဂ)သည် ရေသည်ပြဇာတ်စကားစပ်မေးခွန်း၊ ၂(ဃ)သည် အပြောသင်ခန်းစာ မေးခွန်းတိုဟူ၍ အပိုင်းလေးပိုင်းပါဝင်ပါသည်။

မေးခွန်းနံပါတ် ၂(က)သည် ကဗျာ၊ စကားပြေ၊ ရေသည်ပြဇာတ် အပုဒ်များမှ ဝေါဟာရများကို ခက်ဆစ်အဓိပ္ပာယ် ဖွင့်ဆိုစေခြင်း ဖြစ်ပါသည်။ ဝေါဟာရ (၇)ခု ပေးထားပြီး (၅)ခု ဖြေဆိုရပါမည်။ ပေးမှတ်မှာ (၅)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သော မေးခွန်းမျိုး ဖြစ်ပါသည်။

**နမူနာ**

၂။ အောက်ပါတို့ကို ဖြေဆိုပါ။

(က) အောက်ပါဝေါဟာရတို့အနက် ငါးခု၏အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။

ဥပစာတန်း၊ တစ်ပဲတန်၊ မျှော်ချေကလျှင်၊ နှစ်ခုရောရာ၊ ဘောက်စရာ၊ မြောက်စံအိမ်၊ စွန့်ခြင်းငါးရပ်။

မြန်မာဝေါဟာရ၏ အဓိပ္ပာယ်သည် အသုံးပြုပုံကိုလိုက်၍ အဓိပ္ပာယ်အမျိုးမျိုး ကွဲပြားတတ်သဖြင့် ခက်ဆစ်မေးခွန်းများကို ဖြေဆိုရာတွင် ပြဋ္ဌာန်းစာပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း ဖွင့်ဆိုရန်၊ အဓိပ္ပာယ်ဖွင့်ဆိုပုံ တိကျရန် လိုအပ်ပါသည်။ ပြဋ္ဌာန်းစာတွင် ဝေါဟာရကို မည်သည့်အဓိပ္ပာယ်ဖြင့် သုံးနှုန်းထားသည်ကို သိရှိစေလိုသည့်အတွက် ပြဋ္ဌာန်းစာအုပ်ပါ ဝေါဟာရ၏ ခက်ဆစ်အဖွင့်ကို စစ်ဆေးခြင်းဖြစ်ပါသည်။ ထို့အပြင် ပေးထားသော ဝေါဟာရ၏ သဒ္ဒါအမျိုးအစားနှင့် အဓိပ္ပာယ်ဖွင့်ဆိုသည့် သဒ္ဒါအမျိုးအစား ကိုက်ညီရန် လိုအပ်ပါသည်။ ပေးထားသော ဝေါဟာရသည် နာမ်ဖြစ်လျှင် အနက်ဖွင့်ဆိုရှင်းပြချက်သည် နာမ်ဖြစ်ရပါမည်။(သာဓက ဥပစာတန်း = တက္ကသိုလ်ပထမနှစ်နှင့်ဒုတိယနှစ်။) ပေးထားသော ဝေါဟာရသည် ကြိယာဖြစ်လျှင် အနက်ဖွင့်ဆိုရှင်းပြချက်သည် ကြိယာဖြစ်ရပါမည်။ (သာဓက တစ်ပဲတန် = တန်ဖိုးနည်းသည်။) ပေးထားသောဝေါဟာရသည် နာမဝိသေသနဖြစ်လျှင် အနက်ဖွင့်ဆို ရှင်းပြချက်သည် နာမဝိသေသနဖြစ်ရပါမည်။ (သာဓက နှစ်ခုရောရာ = ကောင်းမှု မကောင်းမှုပေါင်းစပ်ထားသော။) ထို့အပြင် ခက်ဆစ်ဖွင့်ဆိုချက်များတွင် တစ်ချောင်းပုဒ် ခံထားပါက အဓိပ္ပာယ်ပြည့်စုံခြင်း မရှိသေးသည့်အတွက် ဆက်လက်ဖော်ပြရန် လိုအပ်ပါသည်။ (သာဓက စွန့်ခြင်းငါးရပ် = ဥစ္စာပစ္စည်းတို့ကို စွန့်ခြင်း၊ မယားကိုစွန့်ခြင်း၊ သားသမီးကို စွန့်ခြင်း၊ ကိုယ်လက်အင်္ဂါတို့ကို စွန့်ခြင်း၊ အသက်ကိုစွန့်ခြင်း။) ပုဒ်မခံထားသော ဖွင့်ဆိုချက်ဖြစ်ပါက တစ်ခုကိုဖော်ပြလျှင် များသောအားဖြင့် လုံလောက်ပါသည်။

မေးခွန်းနံပါတ် ၂(ခ)သည် ပေးထားသော စကားအသုံးအနှုန်းကို မည်သည့်အလင်္ကာမြောက်ကြောင်း ရှင်းပြရသော အလင်္ကာမေးခွန်းဖြစ်ပါသည်။ အလင်္ကာဖြေဆိုရာတွင် ကျောင်းသား ကျောင်းသူများ အမှန်တကယ်နားလည်ဖြေဆိုနိုင်သည့် အဖြေသဘောတွင် အကဲဖြတ်အမှတ်ပေးမည် ဖြစ်ပါသည်။ မိမိနားလည်တတ်မြောက်ထားသည့် အလင်္ကာသဘောကို မှန်ကန်စွာဖြေဆိုနိုင်လျှင် အမှတ်ပြည့်ရနိုင်မည်ဖြစ်ပါသည်။ ပေးထားမည့်အလင်္ကာ အရေအတွက်မှာ (၇) ခုဖြစ်ပြီး (၅)ခု ရွေးချယ်ဖြေဆိုရပါမည်။ ပေးမှတ်မှာ (၅)မှတ်ဖြစ်ပြီး တိတိကျကျ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ခ) အောက်ပါတို့အနက် **ငါးခုကို** ရွေးချယ်ပြီး မည်သည့် အလင်္ကာမြောက်ကြောင်း ရှင်းပြပါ။

ရွှေရည်သောက်၊ နှင်းထက်သည်း၊ ဒင်္ဂါးဝိုင်းလောက်၊ အင်ဂျင်နီယာငှက်၊ မင်ငြိမ်း၊ ဂလုံဆန်၊ ရွက်အုပ်သီးပူ။

**အဖြေ–** ရွှေရည်သောက်= ရွှေရည်လိမ်းကျံသည်ဟု တိုက်ရိုက်မရေးဘဲ ရွှေရည်သောက်ဟု သွယ်ဝိုက်ရေးဖွဲ့ထားသောကြောင့် ဝင်္ကဝုတ္တိအလင်္ကာမြောက်ပါသည်။

မေးခွန်းနံပါတ်၂(ဂ) သည် ရေသည်ပြဇာတ်စကားစပ် မေးခွန်းဖြစ်ပါသည်။ မေးထားသော စကားစပ်ပါဝင်သည့်အခန်းနှင့် စကားစပ်ဆိုင်ရာ အချက်(၅) ချက် (ဘယ်သူက၊ ဘယ်သူ့ကို၊ ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်အတွက်ကြောင့် ပြောရန်ဟူသော အချက်များ)အတွက် (၃) မှတ်၊ ဘာကိုပြောသည်ဟူသော ဆိုလိုရင်းကို ရှင်းလင်းရေးသား ပြောဆိုခြင်းအတွက် (၂) မှတ် စုစုပေါင်း(၅) မှတ် ဖြစ်ပါသည်။ ဖြေဆိုရာတွင် လိုရင်းတိုရှင်းဖြေဆိုရန်၊ အခန်းနံပါတ်ကိုသာ ဖော်ပြခြင်းထက် အခန်းအမည်ကိုပါ ယှဉ်တွဲဖော်ပြရန်ပြုသင့်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ဂ) တစ်ခါတစ်ရံ၊ လောကခံမှာ၊ ကံမျက်စိလည်လို့မှ၊ ပြောင်နိုင်တယ်မရှိ၊ ရေရွက်လို့ရောင်း၊ ဝမ်းကိုကျောင်းရတယ်၊ ခေါင်းကျိုန်းလို့ ရိခဲ့ပြီ။ ပဲစိတစ်ဝက်၊ ပြောင်းတစ်ဝက်နှင့်၊ ဆန်ပြက်သိကာ၊ ပါကောင်းလို့ ပါတော့တယ်။

မေးခွန်းနံပါတ်၂(ဃ)သည် အပြောသင်ခန်းစာ မေးခွန်းတို့ ဖြစ်ပါသည်။ အပိုင်း(၁) အပြောသင်ခန်းစာတွင်ပါဝင်သော အခန်း(၃)မှ အကြောင်းအရာတစ်ခုခုကို မေးပါမည်။ ဖြေဆိုရာ တွင် လိုရင်းတိုရှင်း ရှင်းပြဖြေဆိုရန်ဖြစ်ပြီး ပေးမှတ်မှာ (၅)မှတ်ဖြစ်ပါသည်။ တိတိကျကျ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ဃ) စကားပြောခြင်းဆိုင်ရာ နည်းပရိယာယ်များမှ ပေါင်းဖွဲ့စည်းလုံးမှုနည်းပရိယာယ်အကြောင်းကို ရှင်းလင်းဖြေဆိုပါ။

**မေးခွန်းနံပါတ် (၃)**

မေးခွန်းနံပါတ်(၃)သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၁) ကဗျာ (၈) ပုဒ်မှ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းသော ကဗျာမေးခွန်းရှည်ဖြစ်ပါသည်။ ဤမေးခွန်းကို စစ်ဆေးအကဲဖြတ်ရာတွင် ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ် တစ်ဝက်၊ ကိုယ်ပိုင်အရေးအသားတင်ပြမှု စွမ်းရည်နှင့်အတူ မေးခွန်းကို အံ့ဝင်ခွင်ကျဖြစ်အောင် တင်ပြနိုင်မှုအတွက် ပေးမှတ်တစ်ဝက်သတ်မှတ်ထားပါသည်။ မေးခွန်း၏ ရှုထောင့်အတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်။ ကဗျာကို စကားပြေဖြေဆိုရေးသားမည်ဆိုပါက အချက်အလက်အားလုံး ပါဝင်သော်လည်း မေးခွန်း၏ ရှုထောင့်နှင့် မကိုက်ညီပါက ပေးမှတ်တစ်ဝက်အောက်သာရမည် ဖြစ်ပါသည်။ မေးခွန်း၏ရှုထောင့်နှင့် အာဘော်ကို သေသေချာချာဖတ်ရှုပြီး ကိုယ်ပိုင်အရေးအသားအတင်အပြဖြင့် ဖြေဆိုရန်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။

**နမူနာ**

၃။ "ကမ္ဘောဇသို့"ကဗျာတွင် စာဆိုသည် မောရှမ်းတို့၏ ပေါ်ကြိုပွဲတော်ကို မည်သို့သရုပ်ဖော် ရေးဖွဲ့ထားသနည်း။

**မေးခွန်းနံပါတ်(၄)**

မေးခွန်းနံပါတ်(၄)သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၂) စကားပြေ(၈) ပုဒ်မှ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းသော စကားပြေမေးခွန်းရှည် ဖြစ်ပါသည်။ ဤမေးခွန်းကို စစ်ဆေးအကဲဖြတ်ရာတွင် ကဗျာမေးခွန်းရှည်နည်းတူ ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသား အတင်အပြစွမ်းရည်နှင့်အတူ မေးခွန်းကို အံ့ဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်တစ်ဝက် သတ်မှတ်ထားပါသည်။ မေးခွန်း၏ရှုထောင့်အတိုင်း ဖြေဆိုရမည် ဖြစ်ပါသည်။

စာမျက်နှာ ၁၇ သို့ »»

# ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ် ဆောင်းပါးနှင့် ကာတွန်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသည် ၂၀၂၆ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) အထိမ်းအမှတ်အဖြစ် ဆောင်းပါးနှင့် ကာတွန်းပြိုင်ပွဲများကို **ထုတ်ကုန်ဘေးကင်းလုံခြုံမှု ယုံကြည်စိတ်ချစားသုံးသူဘဝ** (Safe Products, Confident Consumers) ဆောင်ပုဒ်နှင့်အညီ ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်များအနေဖြင့် အောက်ဖော်ပြပါစည်းကမ်းချက်များနှင့်အညီ ပေးပို့ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

**(က) ဆောင်းပါးပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များ**

(၁) ဆောင်းပါးပြိုင်ပွဲတွင် လိပ်မူပါဌာန အဖွဲ့အစည်းများနှင့်သက်ဆိုင်သည့် မည်သူမဆို ဝင်ရောက် ယှဉ်ပြိုင်နိုင်သည်။

(၂) ဆောင်းပါးပြိုင်ပွဲကို ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ဆောင်ပုဒ်ဖြစ်သည့် **ထုတ်ကုန်ဘေးကင်းလုံခြုံမှု ယုံကြည်စိတ်ချစားသုံးသူဘဝ** (Safe Products, Confident Consumers) ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်။

(၃) ပြိုင်ပွဲဝင်များသည် စားသုံးသူကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများနှင့် သတ်မှတ်ထားသောခေါင်းစဉ်ကို ချိတ်ဆက်၍ ရေးသားယှဉ်ပြိုင်ရမည်။

(၄) ပြိုင်ပွဲဝင်ဆောင်းပါးအား Microsoft Words တွင် Paper Size: A4, Font Type: Pyidaungsu, Font Size: 13, စာကြောင်းအကွာအဝေး 1.2 (Line Spacing: 1.2), စာရွက်ပေါင်ဆိုဒ် ၁ လက်မပတ်လည် (Margin: Normal) ဖြင့် အနည်းဆုံး စာမျက်နှာ (၅)မျက်နှာမှ အများဆုံး (၇)မျက်နှာအထိ ရေးသားပေးပို့ရမည်။

(၅) ပြိုင်ပွဲဝင်ဆောင်းပါးသည် ပုံနှိပ်ထုတ်ဝေထားခြင်း၊ အခြားသတင်းစာ၊ ဂျာနယ်များတွင် ရေးသားဖော်ပြထားခြင်း မဖြစ်စေရ။

(၆) ပြိုင်ပွဲဝင်သူတစ်ဦးလျှင် ဆောင်းပါး (၁)ပုဒ်သာ ပေးပို့ယှဉ်ပြိုင်ရမည်။

(၇) ပြိုင်ပွဲဝင် ဆောင်းပါးသည် ကိုယ်တိုင်ရေးသားထားသော ဆောင်းပါးဖြစ်ကြောင်း ကတိဝန်ခံချက်ရေးသားပေးပို့ရမည်။

(၈) ဆုရွေးချယ်ခံရခြင်းမရှိသော ဆောင်းပါးများအား ပြန်လည်ပေးပို့မည်မဟုတ်ပါ။

(၉) ပြိုင်ပွဲဝင်ဆောင်းပါးကို ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်သူက သဘောတူ ခွင့်ပြုရမည်။

**(ခ) ကာတွန်းပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များ**

(၁) ကာတွန်းပြိုင်ပွဲတွင် လိပ်မူပါဌာန၊ အဖွဲ့အစည်းများနှင့်သက်ဆိုင်သည့် မည်သူမဆို ဝင်ရောက် ယှဉ်ပြိုင်နိုင်သည်။

(၂) စားသုံးသူကာကွယ်ရေးနှင့်သက်ဆိုင်သည့် ကာတွန်းဖြစ်ရမည်။

(၃) ပြိုင်ပွဲအတွက် ပေးပို့သောကာတွန်း၏ အဓိပ္ပာယ်/ရည်ရွယ်ချက်အား စာကြောင်းရေ အနည်းငယ်ဖြင့် ကျစ်လျစ်စွာ ဖွင့်ဆိုရေးသားဖော်ပြရမည်။

(၄) စက္ကူအရွယ်အစားမှာ A4 ဆိုဒ်ဖြစ်၍ မည်သည့်ဆေးအမျိုးအစားနှင့်မဆို လက်နှင့်ဖြစ်စေ၊ ကွန်ပျူတာနှင့်ဖြစ်စေ စိတ်ကြိုက်လွတ်လပ်စွာ ရေးဆွဲနိုင်သည်။ **(ရိုးရိုးခဲတံနှင့် မဆွဲရ)**

(၅) ကွန်ပျူတာနည်းပညာအသုံးပြု ရေးဆွဲနိုင်သော်လည်း AI နည်းပညာအသုံးပြု၍ တိုက်ရိုက်ပုံတူကူးယူထားသောပုံ မဖြစ်စေရ။

(၆) ပြိုင်ပွဲဝင်ကာတွန်းသည် ပုံနှိပ်ထုတ်ဝေထားခြင်း၊ အခြားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိသေးသည့် ကာတွန်းဖြစ်ရမည်။

(၇) ပြိုင်ပွဲဝင်တစ်ဦးလျှင် ကာတွန်း (၁) ကွက်သာ ရေးဆွဲယှဉ်ပြိုင်ရမည်။

(၈) မီဒီယာတစ်ခုခုတွင် အသုံးပြုပြီးသား မဖြစ်စေရ။

(၉) ပြိုင်ပွဲဝင်သူများသည် မိမိရေးဆွဲသည့်ပုံရှေ့တွင် လက်မှတ်ရေးထိုးနိုင်သည်။

(၁၀) ဆုရွေးချယ် ခံရခြင်းမရှိသော ကာတွန်းများအား ပြန်လည်ပေးပို့မည်မဟုတ်ပါ။

(၁၁) ပြိုင်ပွဲဝင်ကာတွန်းကို ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်သူက သဘောတူ ခွင့်ပြုရမည်။

၃။ ပြိုင်ပွဲဝင်ဆောင်းပါးနှင့် ကာတွန်းများကို ဆုများစိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ ဆုများကို သက်ဆိုင်ရာကဏ္ဍအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၂) ဆု စုစုပေါင်း (၅) ဆုကို ချီးမြှင့်မည်ဖြစ်ပြီး ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်သည်။ ဆုရွေးချယ်မှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာအငြင်းပွားဖွယ်ရာ ဖြစ်ပေါ်လာပါက ဆုများစိစစ်ရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၄။ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့တွင် ဆုရရှိသူသည် လက်ရာ၏ မူလပိုင်ရှင်ဖြစ်သော်လည်း လက်ရာများအား အသုံးပြုခွင့်ကို စားသုံးသူရေးရာဦးစီးဌာနသို့ ခွင့်ပြုပေးရမည်ဖြစ်သည်။

၅။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲအမျိုးအစားအလိုက် Hard Copy/ Soft Copy တစ်စုံစီ၊ ကိုယ်တိုင်ဖန်တီးထားခြင်းဖြစ်ကြောင်း ဝန်ခံချက်၊ ပြိုင်ပွဲဝင်သူ၏ အမည်၊ အဘအမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လိုင်စင်ဓာတ်ပုံ (၃)ပုံ၊ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူး၊ စားသုံးသူရေးရာဌာန ခွဲ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ် (၅၂)၊ နေပြည်တော်၊ ဖုန်းနံပါတ် ၀၆၇-၄၃၀၂၂၇၊ ၀၆၇- ၄၃၀၁၄၉ (သို့မဟုတ်) cpccnaypyitaw@gmail.com သို့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့၊ နေ့လယ် (၁၄:၀၀) နာရီအချိန် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။ (ဆောင်းပါးပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ဆောင်းပါးကို Word File အပြင် PDF File ဖြင့်ပါ ပေးပို့ပါရန်။)

၆။ **သတ်မှတ်ရက်ကျော်လွန်ခြင်း သို့မဟုတ် စည်းကမ်းသတ်မှတ်ချက်များနှင့် မကိုက်ညီခြင်း စသည့် ဆောင်းပါးများနှင့် ကာတွန်းများအား ဆုရွေးချယ်ရေးတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

၇။ ဆုရရှိသူများကို ၂၀၂၆ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပြီး အဆိုပါနေ့ရက်မတိုင်မီ ရက်သတ္တပတ်တစ်ပတ်အလိုတွင် ဆုရရှိသူများအား တယ်လီဖုန်းဖြင့် ဆက်သွယ်အကြောင်းကြား သွားမည်ဖြစ်ပါသည်။

**စားသုံးသူရေးရာဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

---

»»» **စာမျက်နှာ ၁၆ မှ**

မေးခွန်း၏ရှုထောင့်ကို သတိမထားဘဲ မိမိကျက်မှတ်ထားသည့်အပုဒ်နှင့် ခေါင်းစဉ်တူသဖြင့် အချက်အလက်များကိုသာ ရေးသားပါက ပေးမှတ် တစ်ဝက်အောက်သာ ရရှိမည်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။

**နမူနာ**

၄။ "သစ္စာနှင့်ပညာ" ဝတ္ထုစကားပြေမှ ရရှိသောအကျိုးကျေးဇူးများကို ဝေဖန်သုံးသပ်ပါ။

**မေးခွန်းနံပါတ်(၅)**

မေးခွန်းနံပါတ်(၅)သည် ပြဋ္ဌာန်းစာအုပ်ပါ အခန်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၃) ရေသည်ပြဇာတ်မှ အကြောင်းအရာ သို့မဟုတ် အရေးအသားကို မေးမြန်းသော ပြဇာတ်မေးခွန်းရှည်ဖြစ်ပါသည်။ ပြဇာတ်သဘောတရားနှင့် ဆက်စပ်ကာ မေးသည့် အကြောင်းအရာပိုင်းလည်း ဖြစ်နိုင်ပါသည်။ ကျောင်းသား ကျောင်းသူများသည် ပြဇာတ်ကိုလေ့လာရာတွင် ပြဇာတ်သဘောသဘာဝနှင့် ပြဇာတ်အင်္ဂါရပ်ကို သိရှိနားလည်ရန်၊ ပြဇာတ်၏ အရသာကို ခံစားတတ်စေရန်၊ ပြဇာတ်အရေးအဖွဲ့၏ စာပေလက်ရာများကို အကဲဖြတ်နိုင်ရန် လိုအပ်လှပါသည်။ ပြဇာတ်၏သဘောသဘာဝ၊ ပြဇာတ်၏ ဖန်တီးမှုအတတ်ပညာ၊ ပြဇာတ်၏ အရေးအသားတို့ကို သိရှိနားလည် လေ့လာဆည်းပူးထားရမည်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။

**နမူနာ**

၅။ ရေသည်ပြဇာတ်မှ ဇာတ်ဆောင်စရိုက်အဖွဲ့များကို ဆန်းစစ်တင်ပြပါ။

**မေးခွန်းနံပါတ်(၆)**

မေးခွန်းနံပါတ်(၆)သည် စာစီစာကုံးမေးခွန်းဖြစ်ပြီး မေးခွန်းတွင် (၂) ပုဒ်မေးကာ (၁)ပုဒ် ဖြေဆိုရမည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ၏ ပင်ကိုအရည်အသွေးကို ဖော်ထုတ်နိုင်ဆုံးသော မေးခွန်းဖြစ်ပါသည်။ ကိုယ်ပိုင်ဗဟုသုတအတွေးအခေါ်ကို ကိုယ်ပိုင်စကားပြေ အရေးအသားဖြင့် ရေးသားရခြင်းဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများ၏ကိုယ်ခံကို စာစီစာကုံးဖြင့် အကဲဖြတ်ခြင်း ဖြစ်ပါသည်။ စာစီစာကုံးရေးသားရန် ပုံကြမ်းအချက်အလက် (၅)ချက် ပေးထားပြီး အချက်တစ်ချက်ကို စာတစ်ပိုဒ်နှုန်းဖြင့် ဖြေဆိုရမည်ဖြစ်ပါသည်။ စာစီစာကုံးဖြေဆိုရာတွင် ပုံကြမ်းအချက်အလက်ကို အခြေမခံဘဲ အလွတ်ကျက်မှတ်ဖြေဆိုပါက အမှတ်မရနိုင်သည်ကိုလည်း သတိပြုသင့်ပေသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀) မှတ် ဖြစ်ပါသည်။

**နမူနာ**

၆။ နှစ်သက်ရာ**တစ်ခု**ကို စာစီကုံးပါ။

**၁။ မိဘကျေးဇူးမြင်းမိုရ်ဦး**

- မိဘတို့၏ ကျေးဇူးတရားကြီးမားပုံ
- မိဘပြစ်မှားသူတို့ ဆင်းရဲဒုက္ခရောက်တတ်ပုံ
- မိဘမပြစ်မှားသူတို့ အကျိုးကျေးဇူးခံစားရပုံ
- မိဘတို့၏ကျေးဇူးကို တစ်ဖန်ပြန်လည်ဆပ်သင့်ပုံ
- မိဘတို့၏ကျေးဇူးတရားနှင့် မိမိအမြင်

**၂။ လှပသာယာပြည်မြန်မာ**

- တောတောင်ရေမြေ သဘာဝအလှများဖြင့် ပြည့်ဝနေပုံ
- သယံဇာတပစ္စည်းများပေါကြွယ်ဝပုံ
- ထင်ရှားသောနေရာဒေသများဖြင့်လှပသာယာပုံ
- ရိုးရာဓလေ့အလိုက်ပွဲတော်များကျင်းပကြပုံ
- မိမိအတွေးနှင့်အမြင်

**မေးခွန်းနံပါတ်(၇)**

မေးခွန်းနံပါတ်(၇)သည် အဆိုတစ်ရပ်ကို ဖတ်ရှုပြီး မိမိနှစ်သက်ရာဘက်မှ ရပ်တည်ဆွေးနွေးစေသော အဆိုဆွေးနွေးမေးခွန်းမျိုး ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ၏ ကိုယ်ပိုင်စဉ်းစားဉာဏ်၊ အတွေးအခေါ်နှင့် ပင်ကိုအရည်အသွေးတို့ကို ဖော်ထုတ်ပြသည့် မေးခွန်းဖြစ်သဖြင့် ကိုယ်ပိုင်အတွေးအခေါ် စိတ်ကူးစိတ်သန်းကောင်းလျှင်ကောင်းသလောက် အရေးအသား အတင်အပြကောင်းလျှင်ကောင်းသလောက်အမှတ်ရနိုင်မည့် မေးခွန်းဖြစ်ပါသည်။ အဆိုဆွေးနွေး အရေးအသားသည် အလေ့အကျင့်များများပြုလုပ်ထားဖို့ လိုအပ်သည့် မေးခွန်းဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် အလေ့အကျင့်များများပြုလုပ်ကာ အရေးအသားကို အဆင်ပြေချောမွေ့စွာရေးတတ်ပြီး အပြန်အလှန်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများကိုလည်း ရရှိနိုင်သည့်အတွက် ကျောင်းသား ကျောင်းသူများ၏ အတွေးနှင့် အရေးအသားစွမ်းရည်ကို ဖော်ထုတ်ပေးသည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၇။ အောက်ပါအဆိုများအနက်**တစ်ခု**ကို ထောက်ခံ၍ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေ ဆွေးနွေးပါ။

(၁) စာဖတ်ခြင်းသည် အင်တာနက်သုံးခြင်းထက် ပို၍ အကျိုးရှိသည်။

(၂) နိုင်ငံသားတိုင်းသည် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်သင့်သည်။

ဤမေးခွန်းကို ဖြေဆိုရာတွင် ရေးသားချိန်သည် မိနစ် (၂၀၊ ၂၅) မိနစ်ခန့်သာ ရရှိနိုင်သည့်အတွက် ရရှိမည့်အချိန်အတိုင်းအတာကို သတိပြုရမည်ဖြစ်ပါသည်။ စာပိုဒ် လေးပိုဒ်သာ ရေးသားဖြေဆိုသင့်ပြီး ပထမစာပိုဒ်သည် နိဒါန်း၊ ဒုတိယစာပိုဒ်နှင့် တတိယစာပိုဒ်တို့သည် စာကိုယ်၊ စတုတ္ထစာပိုဒ်သည် မိမိရပ်တည်ချက်ကို အတည်ပြုသည့် နိဂုံးဖြစ်ပါသည်။ စာတစ်ပိုဒ်အတွက် ရေးသားချိန်သည် (၅) မိနစ်ခန့်သာ အသုံးပြုသင့်သည့်အတွက် ပေးမှတ်နှင့် ချိန်ဆကာ မည်မျှရေးသင့်သည်ကို တွေးဆရမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် အဆိုဆွေးနွေးချက်ကို စစ်ဆေးအကဲဖြတ်ရာတွင် နိဒါန်းနှင့် နိဂုံး (၂)မှတ်စီ၊ စာကိုယ်များကို (၃)မှတ်စီ လျာထားသတ်မှတ်ပါသည်။

တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာရပ်သည် မြန်မာအပြောစကား၊ မြန်မာစာအရေးအသား၊ မြန်မာစာပေ၏ အနှစ်သာရတို့ကို လေ့လာသင်ယူဖြေဆိုရသည့် ဘာသာရပ် ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများသည် ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းများကို ဖြေဆိုရာတွင် အချက်အလက်တိတိကျကျ ကျက်မှတ်ရသည့်နည်းတူ အမှန်တကယ် နားလည်သဘောပေါက်အောင်လည်း အားထုတ်ကြိုးပမ်းရမည် ဖြစ်ပါသည်။ ကဗျာမေးခွန်းရှည်၊ စကားပြေမေးခွန်းရှည်၊ ရေသည်ပြဇာတ်မေးခွန်းရှည်များကို ဖြေဆိုရာတွင် မိမိ၏စိတ်ကူး စိတ်သန်းအတွေးအခေါ်၊ အရေးအသားစွမ်းရည်တို့ကို ပြသရမည့်နည်းတူ စာစီစာကုံးနှင့် အဆိုဆွေးနွေးချက် မေးခွန်းရှည်များကို ဖြေဆိုရာတွင် ကောင်းစွာနားလည် သဘောပေါက်အောင် ဖတ်ရှုပြီး ကိုယ်ပိုင်အတွေး စိတ်ကူးဉာဏ်နှင့် အရေးအသားတို့ဖြင့် ပေါင်းစပ်ကာ ရေးသားဖြေဆိုရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား ကျောင်းသူအားလုံး စာမေးပွဲကို ကောင်းစွာဖြေဆိုနိုင်ပြီး ထူးထူးချွန်ချွန် အောင်မြင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သီလဝါ စက်မှုဇုန်၊ မြေကွက်အမှတ်-၄၇၊ ဧရိယာ(၁.၈၄၈)ဧကခန့်အကျယ်ရှိ ဒေါ်ဇင်မာဌေး အမည်ဖြင့် အထွေထွေစက်မှုလုပ်ငန်းအတွက် အဆောက်အဦ ဆောက်လုပ်အသုံးပြုခွင့် (စက်မှု/လက်မှုလုပ်ငန်းအတွက် မြေအသုံးပြုခွင့်) ရရှိထားသည့် မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်မေသိမ့်နွယ်[၁၂/ကမရ(နိုင်)၀၆၄၃၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက် အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီရိဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၇၀၁၈)**
**Brilliance Mansion Condo, R1၊ အခန်း-106၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄/၅) တိုးချဲ့ရပ်ကွက်၊ ကေတုမာလာ (၄) လမ်း၊ အမှတ်- ၈၇/ခ ဟုခေါ်တွင်သော အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄/၅ တိုးချဲ့၊ မြေကွက်အမှတ်- ၈၇/ခ၊ ဧရိယာ (၁၂၀၀ စ/ပေ) အကျယ်ရှိ နှစ် (၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်အမည်ပေါက် လက်ရှိပိုင်ဆိုင်သူများဖြစ်ကြသည့် ဦးဝင်းမြင့်အောင် [၁၂/ဥကတ(နိုင်)၀၃၇၈၈၇] နှင့် ဒေါ်စန္ဒာအောင် [၈/ပခက(နိုင်)၀၀၉၉၉၉] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့်ယင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) (စဉ်- ၆၇၀၂)**
**Brilliance Mansion Condo, တိုက်- R-1, အခန်းအမှတ်- 01-06 မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၄)၊ မြေကွက်အမှတ် (၁၃၁၀)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်သည် ဒေါ်ဝင်းဝါဝါသိန်း [၁၃/တကန(နိုင်)၀၀၁၂၂၈] အမည်ပေါက်သော မြေကွက်ဖြစ်သည်။ ယင်းမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၃၁၀)၊ မြိတ်လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ဟုခေါ်တွင်သာ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းအောင် [၁၀/မလမ(နိုင်)၃၀၁၃၀၈]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်သင်းစုမွန် (LL.B)** | **ဒေါ်ပိုးအိအိစံ (LL.B)(LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၂၁)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၅၀)** |

**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉- ၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာဝင်း၊ ကြယ်စင်မြို့တော်ရှိ ESTELLA တိုက်အမှတ်-E.T.H၊ အခန်း၊ အမှတ်(158 A) ရှိ မြေနှင့်(၂)ထပ်တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးဇင်ဝင်း မှတ်ပုံတင်အမှတ် [၁၂/လကန(နိုင်)၂၀၃၁၄၂] ထံမှ(၃၁-၁-၂၀၂၆)ရက်စွဲပါ စရန်ငွေပေးစာချုပ်ဖြင့် ကျွန်မ ဒေါ်အေးအေးစန်း မှတ်ပုံတင်အမှတ် [၁၂/သကတ(နိုင်)၁၂၃၉၃၄] က ဝယ်ယူရန်အတွက် စရန်ငွေတချို့ပေးချေထားပြီး ဖြစ်ပါကြောင်း ကန့်ကွက်ရှိရန်ရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လျှင်အရောင်းအဝယ် ဆက်လက်ပြုလုပ်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ**
**ဒေါ်အေးအေးစန်း**
**ဖုန်း-၀၉-၂၅၆၀၄၂၁၈၅**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်-တောင်ပိုင်းခရိုင်)၊ ယခု-တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်းဧရိယာအတွင်း ယာယီမြေပေးမိန့်အမှတ် (၂၅၄၅/၂၃-၁-၂၀၂၀)အရ ကွင်းအမှတ် (၀၁)၊ ပြန်လည်နေရာချထားသည့်အုပ်စု (RA) (RA-1) အကွက်အမှတ် (တ-၀၂)၊ မြေကွက်အမှတ် (၂၅၃၁)၊ အကျယ်အဝန်း (၄၀ ပေx၆၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မိမိတရားဝင် အမည်ပေါက် ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသက်နိုင်ဦး [၁၂/တတန (နိုင်)၁၆၄၀၃၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၁၁)**
**အမှတ် (၁၈)၊ ဥက္ကာ(၁)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉- ၅၀၄၂၂၉၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၇)၊ ဦးပိုင်အမှတ်(၁-ခ/၄၂)၊ ၄၇x၄၈လမ်းကြား၊ ၁၁၄လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသက်သူရဝင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၄၀၅/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်သူရ [၁၂/လမတ(နိုင်)၀၀၂၇၆၂]က အမှုတွဲအမှတ်(၄၉၉၀/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးဆန်းထွဋ်တင်နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်တွင်နေထိုင်သော ဒေါ်လွင်မိုးသူ(၁၂/မရက(နိုင်)၁၃၈၆၉၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လွင်မိုးသူ ၏ ခင်ပွန်းဖြစ်သူ ဦးဆန်းထွဋ်တင်(၁၂/စခန(နိုင်)၀၆၁၇၈၄)သည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ခရီးသွားမည်ဟု ကျွန်ုပ်၏မိတ်ဆွေအား အသိပေးပြီး နေအိမ်မှထွက်ခွာသွားခဲ့ပါသည်။ ထိုနေ့မှစ၍ ယနေ့အထိ နေအိမ်သို့ ပြန်လာခြင်းမရှိကြောင်း၊ အိမ်ထောင်ကျပြီးသည့်အချိန်မှစပြီး ဇနီးမောင်နှံကြား ညှိနှိုင်းဆွေးနွေးရန် ကိစ္စရပ်များရှိသည့် အချိန်တိုင်းတွင်လည်း ဖုန်းစက်ပိတ်၍ အိမ်မှထွက်သွားခြင်းများလည်းရှိကြောင်း၊ ယခုအခါ ကျွန်ုပ်မိတ်ဆွေဘက်မှ သည်းမခံနိုင်သည့်ကိစ္စရပ်များကို ပြုလုပ်သွားသည့်အတွက် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝသည် ကျွန်ုပ်မိတ်ဆွေဖြစ်သူနှင့် ကျွန်ုပ်မိတ်ဆွေ၏ မိသားစုဝင်များနှင့် သက်ဆိုင်မှုမရှိပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအပေါ် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူနှင့် ကျွန်ုပ်မိတ်ဆွေ၏ မိသားစုဝင်များမှ တာဝန်မယူပါကြောင်း ဦးဆန်းထွဋ်တင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
ဒေါ်လွင်မိုးသူ ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ပွင့်ဖြူဖြူလွင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၈၈/၂၀၂၃)
LL.B, MA Business Law, D.B.L, D.I.L, WIPO (Switzerland)
ဖုန်း-၀၉၇၈၉၄၄၄၄၈၄
တိုက် L-9၊ အခန်း(၀၄)၊ သုခတော်ဝင်အိမ်ရာ၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

○ **ကျောဖုံးမှ**

ကမ္ဘာပေါ်တွင် မျိုးသုဉ်းမှု အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် နှင်းကျားသစ်ကို မြန်မာပြည် မြောက်ဖျား ရေခဲတောင်တန်းများ တည်ရှိရာ ခါကာဘိုရာဇီအမျိုးသား ဥယျာဉ်၏ တောင်တန်းများ ပေါ်တွင် ၂၀၁၈ ခုနှစ်၌ ခါကာဘိုရာဇီ အမျိုးသား ဥယျာဉ်နှင့် အမေရိကန်နိုင်ငံ Panthra အဖွဲ့တို့ ပူးပေါင်း၍ အမြင့်ပေ ၁၀၀၀၀ မှ ၁၆၀၀၀ အတွင်း တောင်တန်းများတွင် ကင်မရာထောင်ချောက်များတပ်ဆင်၍ နှင်းကျားသစ်ကို သုတေသနပြုခဲ့ရာ နှင်းကျားသစ်ပုံများ မတွေ့ခဲ့ရသော်လည်း နှင်းကျားသစ်၏အစာဖြစ်သည့် ရေခဲတောင်သားမင်း၊ ရေခဲတောင်ဆိတ်နှင့် မြေခွေးနီ စသည့်တောရိုင်းတိရစ္ဆာန်များ ယနေ့တိုင် ရှင်သန် ကျက်စားလျက်ရှိသည်။

“ဖုန်ကန်ရာဇီ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောမှာ ဝန်ထမ်း ကိုးဦးရှိပြီး ကင်းစခန်းလေးခုမှာ အထိုင်ထားပြီးတော့ ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ နိုင်ငံအတွက် ဂုဏ်ယူဖွယ်ဘေးမဲ့တောကြီး တစ်ခုဖြစ်တဲ့အပြင် ရေဝေရေလဲ ဒေသတစ်ခုအဖြစ် အရေးပါပြီး ရှားပါးမျိုးစိတ်တွေ ရှင်သန်ကျက်စားတဲ့ နေရာတစ်ခုလည်း ဖြစ်ပါတယ်။ နှင်းကျားသစ်ဆိုရင် မျိုးသုဉ်းဖို့ အန္တရာယ်ရှိတဲ့ အတွက် ကင်မရာထောင်ချောက်တွေနဲ့ သုတေသနပြုရာမှာ သူ့ရဲ့အစာဖြစ်တဲ့ ရေခဲတောင်သားမင်း၊ တောင်ဆိတ်နဲ့ မြေခွေးနီတို့ကို တွေ့ခဲ့ရတဲ့ မှတ်တမ်းလည်း ရှိပါတယ်။ တောရိုင်းတိရစ္ဆာန်နဲ့ ဘေးမဲ့တောကို ချစ်မြတ်နိုးရုံနဲ့ မရပါဘူး။ ထိန်းသိမ်းကာကွယ်တတ်ဖို့ သင်တန်းတွေ တက်ရောက်ဖို့လည်းလိုပါတယ်။ ဘယ်လိုပုံစံနဲ့ ထိန်းသိမ်းကာကွယ်သွားရမယ်ဆိုတဲ့ အသိပညာတွေ ဖြန့်ဝေနိုင်အောင်လို့ပါ။ အထူးသဖြင့် ဖုန်ကန်ရာဇီ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဟာ နိုင်ငံအတွက် အရေးပါတဲ့ ရေဝေရေလဲ ဒေသတစ်ခုလည်း ဖြစ်ပါတယ်”ဟု ဖုန်ကန်ရာဇီဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဒေါ်နီလာပွင့်က ပြောသည်။

ဖုန်ကန်ရာဇီ တောရိုင်း တိရစ္ဆာန် ဘေးမဲ့တောတွင် နို့တိုက်သတ္တဝါ ၃၆ မျိုး၊ ငှက်မျိုးစိတ် ၃၇၀၊ အင်းဆက်ပေါင်း ၃၆၀၊ ရေခဲငါးမျိုးစိတ် ၄၂ မျိုး၊ သစ်မျိုးစိတ် ၅၃ မျိုး၊ ဝါးမျိုးစိတ် ၁၃ မျိုး၊ သစ်ခွမျိုးစိတ် ၂၂၀၊ တောင်ဇလပ် ခြောက်မျိုးနှင့် ဆေးဖက်ဝင် အပင်ပေါင်း ၃၃ မျိုးတို့ ရှင်သန်ပေါက်ရောက်လျက်ရှိ သည်။ မြင့်မားသော တောင်တန်းများ ဖြစ်သည့် အပြင် ရေခဲဖုံးလွှမ်းမှုကြောင့် သွားလာရေး ခက်ခဲသော်လည်း ကင်းစခန်းကြီး လေးခုဖြင့် ဘေးမဲ့တောကို ထိန်းသိမ်း ကာကွယ်လျက် ရှိရာ RNH ရန်ပုံငွေ မရရှိမှု နောက်ပိုင်း ကင်းလှည့်ပညာ ပေးလုပ်ငန်းနှင့် ငှက်စာရင်း ကောက်ယူခြင်း လုပ်ငန်းများ ရပ်တန့်ထားကြောင်း သိရ သည်။

တောင်ပေါ် သမပိုင်း စွတ်စိုတော၊ အမြဲစိမ်းတော၊ တောင်ပေါ် ထင်းရှူးတော၊ တောင် ဇလပ်တောနှင့် တောင်ပေါ် မြက်ခင်းတော တို့ဖြင့် ရာသီမပြတ်လှပ သည့် ဖုန်ကန်ရာဇီဘေးမဲ့ တောသည် ဟိမဝန္တာအရှေ့ ဖျားနှင့် ဆက်စပ်နေသော မြန်မာနိုင်ငံ၏ ဆီးနှင်းများ ဖုံးလွှမ်းရာဒေသရှိ ဇီဝမျိုးစုံ မျိုးကွဲများနှင့် ယင်းတို့ ၏ ဂေဟစနစ်များကို ကာကွယ် ထိန်းသိမ်းရန်၊ ရေဝေ ရေလဲဒေသနှင့် သဘာဝ ပတ်ဝန်းကျင် ရေရှည် တည်တံ့စေရေး ကာကွယ် ထိန်းသိမ်းရန်နှင့် သဘာဝ အခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင် ရွက်ခြင်းဖြင့် ဒေသခံတို့၏ လူနေမှုဘဝ မြှင့်တင်ရန် စသည့်ရည်ရွယ်ချက်တို့ဖြင့် ထိန်းသိမ်းကာကွယ်လျက် ရှိပြီး အထူးသဖြင့် မလိခမြစ် ၏ ရေဝေရေလဲကို အဓိက အထောက်အပံ့ပေးရာဒေသ လည်းဖြစ်သည်။

အဆိုပါ ဖုန်ကန်ရာဇီ ဘေးမဲ့တော တောင်ကမ်းပါး ယံတို့တွင် ပေါက်ရောက် သည့် မွှေးပျံ့သော ဒေါနပန်း များကို ရေခဲတောင်ဆိတ် နှင့် ရေခဲတောင်သားမင်းတို့ နှစ်ခြိုက်လေ့ရှိပြီး ကမ္ဘာပေါ် တွင် မျိုးသုဉ်းရန် အန္တရာယ် ရှိနေသည့်တောရိုင်းတိရစ္ဆာန် များ၊ အပင်မျိုးစိတ်များနှင့် ငါးမျိုးစိတ်များ ဖုန်ကန်ရာဇီ တောရိုင်းတိရစ္ဆာန် ဘေးမဲ့ တောတွင် ရှင်သန်ပေါက် ရောက် ကျက်စားနေကြောင်း သိရသည်။

**ဓာတ်ပုံ - ကိုလွှင်**
**ဥသာ**

■

## “ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း”

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် - ၇၊ မြေကွက်အမှတ် - ၈၅၁/က၊ အကျယ်အဝန်း (၂၀ ပေx၆၀ ပေ) ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် - ၈၅၁/က၊ မင်းတပ် (၂) လမ်း၊ (၇) ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျော်ဝင်း [၁၂/တမန(နိုင်)၀၅၆၁၂၂] အမည်ပေါက်လျက်ရှိသော နှစ် (၆၀) ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမည်ပေါက်ပိုင်ရှင်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် - ၈၃၆၆/၂၀၂၃ ရရှိထားသူ ဦးခန့်မင်းထွဋ် [၁၂/ဒဂမ(နိုင်)၀၄၇၁၁၄] ၏ မိခင်ဖြစ်သူ ရောင်းသူ ဒေါ်သဇင် [၁၂/ဥကတ(နိုင်)၁၆၄၈၀၀] မှ လက်ဝယ်ရှိရောင်းချပိုင်ခွင့်ရှိသောမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း၊ လူနေရပ်ကွက်အမှတ်-၂၉၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈^စီ၁ မြေကွက်အမှတ်-၂၈၊ အဆောက်အအုံအမှတ်-၇၆ ဟုခေါ်တွင်သော (၂)ခန်းတွဲ(၃)ထပ်တိုက် အဆောက်အဦ၏ မြေညီထပ်(ခြေရင်းခန်း)(ထပ်ခိုးအပြည့်အပါအဝင်)(တိုက်ရှေ့မျက်နှာမူလျှင်ညာဘက်ခြမ်း)၊ အကျယ်အဝန်း(၁၅ပေx၅၀ပေ)ရှိ ရေမီးအစုံအလင်ပါရှိသည့် တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းအတွင်းရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထား တရားဝင် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိကြသူ ဦးပြည့်သိမ်းကျော်(ဘ)ဦးဇော်ဝင်း [၁၂/အစန(နိုင်)၀၆၉၉၇၀] နှင့် ဒေါ်အိချောစု(ဘ)ဦးအောင်တင်[၁၀/မလမ (နိုင်)၁၅၆၇၆၂] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းဆွေ[၁၄/မအန(နိုင်)၁၁၁၉၅၁]က အပြီးအပိုင် ဝယ်ယူရန် ညှိနှိုင်းသဘောတူသည့် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းတကွ ယင်းတိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်ပြီး အရောင်းအဝယ်ပြုလုပ်သည်ကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့တိုင် ကန့်ကွက်မည်သူမရှိပါက ကျန်ရောင်းဖိုးငွေများပေးချေလျက် အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်လှိုင်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၄၇)**
**အမှတ်-၂၂၂/ခ၊ အောင်သုခလမ်း၊ တ/၁၅-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၆၄၅၄၉၁၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ကက-၃)၊ ဦးပိုင်အမှတ်(၂၃)၊ ၁၀၁(ဘီ)လမ်း၊ ၅၇x၅၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နွယ်နီထွန်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၂၃၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်လင်းအောင် [၉/ပကခ (နိုင်) ၀၂၈၁၈၅]က အမှုတွဲအမှတ်(၄၉၈၉/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဒ/၆၃၊ လူနေရပ်ကွက်အမှတ်-၁၇၊ ဗန္ဓုလ(၂)လမ်း၊ မြေကွက်အမှတ်-၅၆၅၊ အကျယ်ပေ (၄၀x၆၀)ရှိ ဦးမောင်မောင်သန်း အမည်ပေါက်မြေချပါမစ်ထွက်ရှိ ပိုင်ဆိုင်ထားသော မြေကွက်နှင့်ပတ်သက်၍**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်အား ပါမစ်အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူပိုင်ရှင် ဦးကျော်ထိုက်အောင်[၁၂/ရပသ(နိုင်)၀၇၄၉၃၇]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ နော်ဆဲဂေးခူမှ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော မြေကွက်ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **နော်ဆဲဂေးခူ** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၁၄/ငပတ(နိုင်)၁၆၃၃၃၆]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အမှတ်-၇၈၊ ပါဠိတက္ကသိုလ်လမ်းသွယ်၊** | **အမှတ်-၁၁၂၊ဗိုလ်ချုပ်လမ်း၊(၅)ရပ်ကွက်၊** |
| **စကားဝါလမ်း၊ ပုသိမ်မြို့။** | **ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း-၀၉-၅၁၈၉၆၈** |

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် -ကက-၆၊ ဦးပိုင်အမှတ်-၃၀/၁၀၁x၁၀၂ကြား၊ ၅၃x၅၄လမ်းကြားရှိ ဒေါ်ခင်သီတာအောင် အမည်ပေါက် ဂရန်မြေကွက်အား၊ တရားလို ဒေါ်မိုးမြင့်သန္တာက တရားပြိုင် ဒေါ်ခင်သီတာအောင် (၎င်း၏ SP ရရှိသူ ဒေါ်ရီကျော်(ခ) ကြည်ကြည်ဝင်း)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၆၁/၂၀၂၅) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်မိုးမြင့်သန္တာ [၁၃/လရန(နိုင်)၁၇၆၁၂၆] က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

### (၈၃)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆု ထီပေါက်စဉ် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

*အခမဲ့ထုတ်ဝေသည်*

**အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု**

ည - ၇၉၉၄၈၀

ကံထူးရှင်(၁)ဦး

**အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆုများ**

ဍ - ၃၄၉၀၇၈ င - ၈၈၈၄၆၅

ကံထူးရှင်(၂)ဦး

**အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆုများ**

ဋ - ၁၂၂၉၀၆ ဋ - ၉၂၆၆၂၃

ဋ - ၂၁၂၆၄၂

ကံထူးရှင်(၃)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ**

| | |
|---|---|
| ဌ - ၁၁၀၀၅၇ | ဆ - ၄၁၉၄၃၄ |
| ဃ - ၁၁၄၂၆၆ | ဆ - ၆၇၂၁၉၉ |
| ဋ - ၂၂၁၇၅၇ | က - ၇၅၃၇၁၈ |
| စ - ၂၇၈၂၅၁ | ဗ - ၈၁၆၆၆၂ |
| ဗ - ၄၁၄၃၉၄ | င - ၉၅၇၆၂၄ |

ကံထူးရှင်(၁၀)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ**

| | | |
|---|---|---|
| ဂ - ၂၂၇၉၂၃ | ဋ - ၇၀၉၃၃၄ | စ - ၈၃၉၅၃၇ |
| ဍ - ၂၅၁၈၉၀ | ဍ - ၇၅၁၉၁၂ | ဍ - ၈၈၂၂၇၇ |
| ည - ၂၈၆၈၇၃ | င - ၇၆၄၇၀၉ | ဆ - ၉၂၇၅၇၅ |
| ဍ - ၄၈၈၄၉၈ | ဍ - ၇၉၀၇၇၇ | က - ၉၉၄၈၁၈ |

ကံထူးရှင်(၁၂)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ**

| | | |
|---|---|---|
| ဈ - ၁၃၈၀၂၀ | စ - ၃၄၆၆၃၃ | ခ - ၇၃၀၆၉၃ |
| ဋ - ၂၂၅၁၃၅ | င - ၃၅၀၅၂၉ | ဋ - ၈၀၅၆၆၈ |
| ဂ - ၂၃၅၆၈၄ | ည - ၄၃၀၂၄၃ | ဂ - ၈၇၉၈၀၃ |
| ဌ - ၂၅၆၂၅၄ | င - ၆၄၆၂၁၁ | က - ၉၉၆၄၄၅ |
| ည - ၂၉၇၁၉၃ | င - ၆၉၃၂၈၃ | |

ကံထူးရှင်(၁၄)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ**

| | |
|---|---|
| က - ၁၀၂၀၇၈ | က - ၄၃၄၂၈၅ |
| ဂ - ၁၅၇၂၆၀ | ဋ - ၄၅၈၉၃၆ |
| ဋ - ၁၇၂၂၂၅ | ဌ - ၆၂၆၂၄၅ |
| ဈ - ၁၉၈၉၃၃ | ဂ - ၆၉၃၉၉၂ |
| စ - ၃၀၀၄၁၅ | ဗ - ၇၂၆၅၂၈ |
| ဗ - ၃၃၀၉၀၇ | ဌ - ၉၂၃၄၆၈ |
| ခ - ၄၀၆၉၄၆ | ဋ - ၉၄၁၆၄၂ |
| င - ၄၂၀၀၄၆ | ဗ - ၉၇၉၂၁၃ |

ကံထူးရှင်(၁၆)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ**

| | | |
|---|---|---|
| စ - ၁၄၁၇၉၉ | က - ၄၂၉၃၃၄ | ဋ - ၇၄၄၄၅၂ |
| ဋ - ၁၈၀၂၀၂ | ဌ - ၄၃၆၀၉၇ | ဆ - ၉၀၂၀၁၈ |
| ဗ - ၁၉၅၀၃၆ | ဈ - ၄၆၀၁၀၄ | ဗ - ၉၀၇၈၉၀ |
| က - ၂၂၇၀၁၅ | ဂ - ၅၃၁၄၃၆ | ဗ - ၉၂၅၂၅၈ |
| ခ - ၂၅၆၉၂၀ | ဋ - ၅၅၅၈၆၅ | ခ - ၉၃၆၅၀၇ |
| ဃ - ၂၆၉၉၀၃ | ဌ - ၇၁၄၁၁၁ | ည - ၉၆၄၂၃၀ |
| က - ၃၇၈၉၃၁ | ခ - ၇၂၃၄၀၀ | စ - ၉၈၆၁၀၁ |
| င - ၄၂၉၃၂၄ | | |

ကံထူးရှင်(၂၂)ဦး

**ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ**

| | |
|---|---|
| ဂ - ၁၁၁၀၈၀ | ဈ - ၄၆၉၃၁၃ |
| ဂ - ၁၄၈၈၃၂ | ဈ - ၅၃၀၂၇၄ |
| ဃ - ၁၅၃၈၀၁ | ဍ - ၆၉၃၀၅၄ |
| ဃ - ၁၅၄၆၈၃ | စ - ၆၉၅၆၃၅ |
| ဆ - ၁၉၉၉၃၅ | စ - ၇၁၈၅၅၈ |
| က - ၂၁၅၀၄၀ | ဗ - ၇၃၁၀၀၅ |
| ဂ - ၂၉၈၁၄၅ | က - ၇၆၃၈၆၁ |
| ဌ - ၃၃၈၆၉၆ | ဂ - ၇၉၆၃၉၄ |
| ဆ - ၄၀၁၂၀၈ | ဂ - ၈၂၃၇၀၂ |
| ဆ - ၄၀၄၉၈၂ | က - ၉၀၆၅၁၃ |
| ဋ - ၄၂၆၂၃၄ | ည - ၉၁၀၇၃၁ |
| ဗ - ၄၄၄၇၆၁ | ဍ - ၉၉၁၅၈၁ |
| ည - ၄၄၇၇၀၂ | ဗ - ၉၉၇၅၅၁ |

ကံထူးရှင်(၂၆)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၅)ယူနစ်**

| | |
|---|---|
| ဍ - ၂၆၂၁၂ | ဋ - ၅၄၇၀၇ |
| ခ - ၃၃၀၇၁ | ဃ - ၇၀၂၅၈ |
| ဍ - ၄၃၇၃၀ | |

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၅၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၁၀)ယူနစ်**

| | | |
|---|---|---|
| ဋ - ၁၂၇၆ | ဋ - ၆၀၇၆ | ည - ၇၈၆၃ |
| ဗ - ၂၀၄၇ | ဋ - ၇၃၀၁ | ည - ၈၁၄၀ |
| ဈ - ၃၅၉၅ | ည - ၇၇၆၃ | ည - ၈၆၀၆ |
| င - ၄၃၄၈ | | |

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၀၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၁၀)ယူနစ်**

| | | |
|---|---|---|
| ဂ - ၁၁၅ | ဗ - ၅၃၈ | စ - ၆၉၃ |
| ဆ - ၂၁၄ | ဍ - ၅၅၀ | ဍ - ၇၂၆ |
| ဌ - ၂၁၈ | ဃ - ၅၅၆ | ဗ - ၈၄၇ |
| ဌ - ၄၇၃ | | |

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၁၀၀၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၆)ယူနစ်**

ဗ - ၁၅ ည - ၂၁ ည - ၂၁ ည - ၂၁ ခ - ၄၂ ဃ - ၅၇

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၆၀၀၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်**

ဆ - ၈

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၁၀၀၀၀၀)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

**ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ**

| | |
|---|---|
| ဈ - ၁၃၂၇၉၇ | င - ၄၅၁၆၇၃ |
| င - ၁၇၃၆၄၁ | ည - ၉၃၉၅၄၃ |

ကံထူးရှင်(၄)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်**

ဍ - ၃၀၅၄၆ စ - ၄၆၃၀၁

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

